ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း(၁၂)ရက် ၊ ကြာသပတေးနေ့ ၊ (8-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၀၈)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် မေ ၇
ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ၏

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၈ ရက်
အယ်ဒီတာ့အာဘော်

လူသားချင်းစာနာထောက်ထား တို့ကြက်ခြေနီများ

မေ ၈ ရက်(ယနေ့)သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှု၊ မေတ္တာနှင့် စေတနာတရားကို လက်ကိုင်ပြုသည့် ကြက်ခြေနီလူမှုအဖွဲ့အစည်းကို စတင်ထူထောင်ခဲ့သူ ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးနေ့ဖြစ်သော မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နှစ်စဉ် မေ ၈ ရက်ရောက်တိုင်း ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်ပွဲများ ကျင်းပကြသည်။

ကြက်ခြေနီဟူသည် စေတနာ့ဝန်ထမ်းဖြစ်သည်။ လူသားအားလုံးအပေါ် မေတ္တာတရားအခြေခံ၍ လူသားချင်းစာနာထောက်ထားလျက် ကူညီဖေးမသည့် အဖွဲ့အစည်းဖြစ်သည်။ ရန်သူမိတ်ဆွေမခွဲခြားဘဲ ကူညီစောင့်ရှောက်ပေးသောအဖွဲ့အစည်းဖြစ်သည်။ လူသားတိုင်းအပေါ်တွင် လူသားချင်းစာနာထောက်ထားသော နှလုံးသားဖြင့်သာကြည့်၍ ကူညီကြခြင်းဖြစ်သည်။ အောက်ခံအဖြူရောင်ပေါ်တွင် အနီရောင်ကြက်ခြေနီခတ် အမှတ်အသားပါသော ကြက်ခြေနီအလံကို မြင်ရတွေ့ရသူ၏ရင်ကို အေးမြစေသည်။ စစ်ပွဲများတွင် ကြက်ခြေနီအလံလွှင့်ထူထားသော ဆေးရုံများ၊ ယာဉ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမျိုးမှ ရှောင်ကြဉ်ကြရသည်။ ကြက်ခြေနီတံဆိပ်ပါ အင်္ကျီဝတ်ဆင်ထားသူများကိုလည်း ပစ်ခတ်ခြင်းမပြုရပေ။

၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ **"လူသားချင်းစာနာထောက်ထား တို့ကြက်ခြေနီများ"** ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းရည်ရွယ်ချက်များအနက် လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့် ဖြစ်သောဘေးအန္တရာယ်များနှင့် မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာထောက်ထားခြင်းလုပ်ငန်းများအပေါ်အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအားပေးကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လည်းပါဝင်သည်။ လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကမ္ဘာ့တစ်ဝန်းပျံ့နှံ့ခြင်းဟူသောအချက်တို့သည် ကြက်ခြေနီအခြေခံမူ (၇) ချက်ပင်ဖြစ်သည်။

ဟင်နရီဒူးနန့်၏ကြိုးပမ်းမှုကြောင့် ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် မေ ၈ ရက်တွင် ကမ္ဘာ့ကြက်ခြေနီနေ့ကို စတင်ကျင်းပနိုင်ခဲ့သည်။ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သော ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် အကြင်နာ၊ မေတ္တာများဖြင့် လူသားအားလုံးကို ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမျိုးဘာသာ ကျား၊ မ မရွေး အကူအညီလိုအပ်နေသူများကို ဆက်လက်ကူညီဖေးမသွားမည်ဖြစ်သည်။ ကြက်ခြေနီအဖွဲ့ဝင်များသည်လည်း စည်းလုံးညီညွတ်စွာ စေတနာတရားကို ရှေ့တန်းတင်လျက် စေတနာ့ဝန်ထမ်းတာဝန်များကို လူသားချင်းစာနာထောက်ထားသောအားဖြင့် အမြဲကူညီဖေးမနေကြမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ "လူသားချင်းစာနာထောက်ထား တို့ကြက်ခြေနီများ"ဟူသော ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်နှင့်အညီ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ပဋိပက္ခများ ကြုံတွေ့လာပါက မိမိတို့အသက်ကို ပခန္ဓာမထားဘဲ ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ လူသားချင်း စာနာထောက်ထားကာ ကိုယ်ချင်းစာစိတ်ဖြင့် စွမ်းစွမ်းတမံ ဖေးမကူညီကြသော ကြက်ခြေနီအဖွဲ့ဝင်များကို ယနေ့ကျရောက်သော ကမ္ဘာ့ကြက်ခြေနီနေ့တွင် ဂုဏ်ပြုရေးသားလိုက်ရပေသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့နိုင်ခဲ့

ရေကြည် မေ ၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မိကျောင်းကွမ်းဖတ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဧပြီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားဈေးကွက်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချအား ကောင်းလာတော့ မိကျောင်းကွမ်းဖတ် စိုက်ပျိုးသူတွေလဲ အဆင်ပြေကြပါတယ်။ မိကျောင်းကွမ်းဖတ်လုပ်ငန်းက ဆောင်းကာလနဲ့ နွေကာလမှာ အရောင်းအဝယ် အဖြစ်ဆုံးအချိန်ဖြစ်ပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတာက လက်ကျန်ကုန်ပစ္စည်းတွေပါ"ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ရေကြည်မြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့် နီးသည့်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ မိကျောင်းကွမ်းဖတ်များသည် စိုက်ပျိုးပြီးချိန်မှစတင်၍ လိုအပ်သောပိုးသတ်ဆေး၊ မှိုသတ်ဆေးများ ဖျန်းပေးရပြီး မိကျောင်းကွမ်းဖတ် တစ်ဧကလျှင် ပျမ်းမျှ ၁၇ ပိဿာမှ ၂၄ ပိဿာထိ ထွက်ရှိကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ကျော်ကျော်လင်း

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများကို လိုက်လံကြည့်ရှု

မန္တလေး မေ ၇

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများသည် မေ ၆ ရက်နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီးရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးသို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါရုံးများသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝန်ထမ်းများကို ရင်းနှီးစွာနှုတ်ဆက်ပြီး ညွှန်ကြားရေးမှူးများက မန္တလေးငလျင်ကြီးကြောင့် ရုံးအဆောက်အအုံများနှင့်ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့မှု၊ ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာများသို့ ပြောင်းရွှေ့ပြီး ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ် ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့က ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီးစီးမှုများနှင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်အသုံးပြု၍ရသည့် အဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နိုင်ရန်အတွက်လိုအပ်ပါက ယာယီအဆောက်အအုံများ တည်ဆောက်ပေးရန်စီစဉ်ထားကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်းပြောကြားပြီး ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ရေဦး မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၉၉၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဧန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၃၂ တင်းထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၂၅၉၉၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ကုလားပဲခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတဲ့အနေအထားမှာရှိပါတယ်။ ကုလားပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧကအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိက သီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့် အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာတွင် မြစ်မ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် မေ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ရေချိုဘူတာကျေးရွာ၌ မြစ်မ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေချိုဘူတာကျေးရွာတွင် မြစ်မ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေချိုဘူတာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅ ဒသမ ၅၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၁၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစ်မ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်အတွင်း မန္တလေးလျှင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော ဓာတ်အားလိုင်းများကို ပြည်ကြီးတံခွန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများက မေ ၆ ရက်က ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။ (၁၅)

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၅၀၀၀ ကျော် စိုက်ပျိုးမည်

ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

မင်းကင်း မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၅၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် မြေပဲ ၅၉၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုလက်ရှိ မြေပဲသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲကို ယခင်နှစ်ကထက်ပိုပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းကျော်ရှိပြီး မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် စိုက်ပျိုးမည့် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိစေရေး၊ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် မြေပဲမျိုးများ စိုက်ပျိုးနိုင်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဝမ်းတွင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်

ဝမ်းတွင်း မေ ၇

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို မေ ၆ ရက်မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြ ဆရာနှစ်ဦးက ဆိုင်ကယ်ပြင်သင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို မေ ၆ ရက်မှ ဇွန် ၄ ရက်ထိ ရက်ဆုဝကြာစာတွေ့လက်တွေ့အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မြောင်းမြ မေ ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၉၁၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သော နေကြာများကို ယခုနှစ် မတ်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး နေကြာတစ်ဧကလျှင် ၁၇ ဒသမ ၁၉ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်းမြခရိုင်အတွင်းမှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၉၀၀၀ ကျော်စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံနေကြာတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ သီးနှံတွေအချိန်မီရိတ်သိမ်းနိုင်ဖို့ အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ခရိုင်အတွင်း ဒေသတွေက မြေအမျိုးအစားပေါ်မူတည်ပြီး နေကြာအထွက်နှုန်းတွေမတူညီပါဘူး။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့ မြေယာတွေကို အထွက်တိုးအောင် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

အင်းဝမြို့က တိမ်မြုပ်နေသော ရေနန်းတော်(အပိုင်း-၃)

ဗိုလ်ရှိတ်(ရတနာပူရ)

ရေနန်းတော်ကိုအသုံးပြုပုံ

ရှေးမြန်မာမင်းတို့သည် ရေနန်းတော်ကို တည်ဆောက်ပြီး မည်သည့်အခါမျိုးတွင် ရေနန်းတော်ကို အသုံးပြုကြောင်း သိရန်လိုပါသည်။ အချို့က ရှင်ဘုရင်များ သင်္ကြန်တော်ခေါ်ခြင်း(ခေါင်းဆေးမဂ်လာပြုခြင်း)ပြုလုပ်သည့်အခါ ရေနန်းတော်အတွင်း၌ ကျင်းပသည်ဟုဆိုကြပါသည်။ ထိုအဆိုသည် မှားယွင်းနေပါသည်။ ရှေးကဘုရင်များသည် ရေနန်းတော်အတွင်း၌ သင်္ကြန်တော်ခေါ်ခြင်းမပြုကြချေ။ ဗေဒင်ကိန်းခန်းအရ ရှင်ဘုရင်၏နေ့နာမ်နှင့် တွက်ချက်ပြီး ဂဟပတိကျရာအရပ်၌ သင်္ကြန်တော်ခေါ်ခြင်းဖြစ်သည်။ သိသာထင်ရှားအောင်ဆိုရလျှင် အင်းဝမြို့၌ နန်းစံခဲ့သော ဆင်ဖြူရှင်မြေဒူးမင်း၏ သားတော်စဉ်ကူးမင်းသည် တနလင်္ဘာသားဖြစ်သည်။ စဉ်ကူးမင်း သင်္ကြန်တော်ခေါ်ခြင်းအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ "ပြာသိုလဆန်း တစ်ဆယ့်ငါးရက် တနလင်္ဘာနေ့ နံတော်၏ ဂဟပတိအရပ်ဖြစ်သော ရွှေနန်းတော်၏ အနောက်ငါးရာ ပျားသနပ်ခြံဝယ် မဟာသင်္ကြန်တော်ကြီးခေါ်တော်မူပြီးလျှင်"ဟူ၍ ရွှေနန်းတော်၏အနောက်တွင် သင်္ကြန်တော်ခေါ်ကြောင်း သိရပါသည်။ ရေနန်းတော်သည် ရွှေနန်းတော်၏ အနောက်ဘက်တွင် မရှိပေ။ ရွှေနန်းတော်၏ အရှေ့မြောက်ဘက်တွင်သာ ရှိပါသည်။ ထို့ကြောင့် ရေနန်းတော်အတွင်း ခေါင်းဆေးမဂ်လာပြုသည်ဟု ပြောဆိုကြသောစကားသည် ရာဇဝင်၊ ကျမ်းဂန်များနှင့် မညီသောစကားများသာ ဖြစ်သည်။ ရှေးက ဘုရင်များခေါင်းဆေးမဂ်လာပြုခြင်းကို ရာဇဝင်ကြီးများ၌ မဟာသင်္ကြန်တော်ခေါ်သည်၊ သင်္ကြန်တော်ခေါ်သည်ဟု ရေးကြပါသည်။

ရေနန်းတော်သည် ရှင်ဘုရင်များ ခေါင်းဆေးမဂ်လာပြုရာနေရာမဟုတ်ဟုဆိုလျှင် ရေနန်းတော်သည် မည်သည့်အတွက်အသုံးပြုရန် တည်ဆောက်ထားသည်ကို လေ့လာရန်လိုပါသည်။ ထိုသို့ လေ့လာနိုင်ရန်အတွက် ရာဇဝင်ကြီးများကို သေချာပြန်ကြည့်ရန်လိုပါသည်။ ရာဇဝင်ကြီးများတွင် ရေနန်းတော်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို ကောက်သင်းကောက်သကဲ့သို့ စုစည်းကြည့်လျှင်အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

၁။ "သက္ကရာဇ် ၁၁၃၇ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့၊ နေပြည်တော်သို့ရောက်တော်မူလျှင် ရွှေနန်းတော်သို့မဝင်၊ ရွှေမြို့တော်မြောက်ဘက် မာန်အောင်တံခါးပြင် ရေနန်းတော်မှာ စံနေတော်မူသည်"(မြေဒူးမင်းလက်ထက်)

၂။ "မြို့မြောက်ရေနန်းတော်က တကောင်းစျေးတံခါးအဝင်တွင် နတ်ဆီး၍ရယ်နှင့်၏"(မြေဒူးမင်းလက်ထက်)

၃။ "အောက်မသင်းတို့နှင့် ဆင်သင်းရောက်ကြောင်းကို လျှောက်လှာ၍ ရေနန်းတော်က ဆင်ကျုံးသို့ ထွက်တော်မူသည်။ ပြန်တော်မူလျှင်လည်း ရေနန်းတော်တွင်ပင် ရပ်နေတော်မူ၍ အညာသီဟတောဘုရားရှင်ကို အဖူးအမြော်မယ်တော်၊ နှမတော်၊ မင်း၊ မိဖုရားအပေါင်းတို့နှင့် လပြည့်ကျော် ငါးရက် စနေနေ့ ဆန်တော်မူသည်" (စဉ်ကူးမင်းလက်ထက်)

၄။ "တော်သလင်းလပြည့်ကျော် ရှစ်ရက် ကြာသပတေးနေ့ မာန်အောင်တံခါးတော်အပြင် ရေနန်းသို့ထွက်စံတော်မူ၍ လေ့ပွဲသဘင်စံတော်မူ၏"(ဗဒုံမင်းလက်ထက်)

အထက်ပါ ကောက်နုတ်ချက်များသည် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် တွေ့ရသော ရေနန်းတော်နှင့်သက်ဆိုင်သည့် ကောက်နုတ်ချက်များပင်ဖြစ်သည်။ အထက်ပါကောက်နုတ်ချက်များကိုကြည့်ပါက ရေနန်းတော်အသုံးပြုပုံကိုတွေ့နိုင်ပါသည်။ ရှင်ဘုရင်တို့သည် အကြောင်းတစ်စုံတစ်ရာကြောင့် အပြင်သို့ထွက်ခွာရာတွင်ဖြစ်စေ၊ ပြန်လာရာတွင်ဖြစ်စေ နန်းမြို့တော်အတွင်းရှိ နန်းတော်ကြီးအတွင်းသို့ မဝင်တော့ဘဲ မြို့ရိုးအပြင်ဘက်ရှိ ရေနန်းတော်၌သာ စံတော်မူကြောင်းတွေ့ရပါသည်။ ရေနန်းတော်သည် ဇရာဝတီမြစ်ကမ်းဘေးတွင်ရှိသောကြောင့် သွားလာရလွယ်ကူသည်။ ရာသီဥတုပူပြင်းသောအခါတွင် ရေနန်းတော်သည် မြစ်ကမ်းဘေး၌ရှိသောကြောင့် မြစ်ပြင်မှတိုက်ခတ်လာသော လေတဖြူးဖြူးဖြင့် အေးမြနေမည်ဖြစ်ပုရပိုက်မြေပုံအရ ခန့်မှန်းကြည့်လျှင် စန္ဒာမုနိဘုရားအနောက်မြောက်ဘက်ကားလမ်းနှင့် ရွှေတချောင်းမြောင်းကြား၌ ရေနန်းတော်ရှိခဲ့မည်ဟု ခန့်မှန်းရပါသည်။ အမရပူရရေနန်းတော်ကို မည်သူတည်ဆောက်ခဲ့ကြောင်း တိတိကျကျမသိရသော်လည်း ဘိုးတော်ဗဒုံမင်းပင် တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းရပါသည်။ ဘိုးတော်ဗဒုံမင်းသည် အင်းဝ၌နန်းတက်စဉ်က အင်းဝရေနန်းတော်တွင် လေ့ပွဲသဘင်ကိုကျင်းပခဲ့ပြီး အမရပူရမြို့တည်၍ စိုးစံသောအခါတွင် အင်းဝ၌ ကျင်းပခဲ့သောဓလေ့ကို ဆက်ခံသည့်အနေဖြင့် အမရပူရမြို့၌ ရေနန်းတော်တည်ဆောက်ခဲ့သည်ဟု ယူဆရပါသည်။

အင်းဝမြို့ဟောင်းရှိ ရေနန်းတော်တူးဖော်နေမှုကို တွေ့မြင်ရစဉ်။

ထို့ကြောင့် အတွင်းနန်းတော်ထက် ပို၍အေးမြသော အပြင်ရေနန်းတော်သို့ မကြာခဏထွက်၍ စံတော်မူရန် ဆောက်လုပ်ထားခြင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်သောကြောင့် ရှင်ဘုရင်များအပြင်သို့ထွက်သည်ဖြစ်စေ၊ ပြန်လာသည်ဖြစ်စေ အတွင်းနန်းတော်ကြီးအတွင်းသို့ မဝင်လိုသည့်အခါ အိပ်စက်နားနေစံမြန်းတော်မူရန် ကြားခံအဖြစ် ရေနန်းတော်ကိုအသုံးပြုသည်ဟု ဆိုရပါမည်။

နောက်တစ်ချက်မှာ တော်သလင်းလ လေ့ပွဲသဘင် ကျင်းပသည့်အခါစံမြန်းရန် ရေနန်းတော်ကို အသုံးပြုခြင်းဖြစ်ပါသည်။ ရှေးခေတ်က လေ့ပွဲသဘင်သည် နိုင်ငံတော်စစ်အင်အားအတွက် လိုအပ်သော ရေတပ်အတွက် သူရဲကောင်းရွေးချယ်ပွဲပင်ဖြစ်သည်။ ထိုသို့ လေ့ပြိုင်ပွဲကြီးကျင်းပသည့်အခါ ရှင်ဘုရင်သည် ရေနန်းတော်၌စံမြန်းပြီး လေ့ပြိုင်ပွဲကိုကြည့်ရှုအားပေးကြောင်း ရာဇဝင်တော်ကြီး၌ဖော်ပြထားသဖြင့် လေ့ပြိုင်ပွဲကျင်းပရာတွင် ရေနန်းတော်ကိုအသုံးပြုခဲ့ကြောင်း သိနိုင်ပါသည်။

အမရပူရ ရေနန်းတော်

အင်းဝမြို့ဟောင်းတွင်လည်း ရေနန်းတော်ရှိသကဲ့သို့ အမရပူရမြို့ဟောင်းတွင်လည်း ရေနန်းတော်ရှိသည်။ ရှေးခေတ်က ရေးဆွဲခဲ့သော အမရပူရမြို့နယ် ပုရပိုက်မြေပုံများတွင် ရေနန်းတော်ကို ထင်ထင်ရှားရှား ရေးဆွဲထားသည်ကို တွေ့ရပါသည်။ ပုရပိုက်မြေပုံအထောက်အထားအရ အမရပူရ ရေနန်းတော်သည် အမရပူရမြို့ရိုးအနောက်မြောက်ထောင့် စန္ဒာမုနိဘုရားနှင့် ရွှေတချောင်းမြောင်းကြားတွင်ရှိကြောင်း တွေ့ရပါသည်။ သို့သော် ယုခုအခါတွင် စန္ဒာမုနိဘုရားနှင့် ရွှေတချောင်းကြားတွင် စစ်ကိုင်း–မန္တလေးကားလမ်းတည်ရှိနေပါသည်။ သို့သော် ရေနန်းတော်မှာ မည်သည့်နေရာတွင်ရှိကြောင်း မသိနိုင်တော့ပေ။

အင်းဝရေနန်းတော်တည်နေရာ

အင်းဝရေနန်းတော်သည် အင်းဝမြို့ အရှေ့မြောက်ထောင့်တွင် တည်ရှိသည်။ အင်းဝမြို့ရိုးနှင့် ရေနန်းတော်ကြားတွင် ကျုံးရှိသည်။ ရေနန်းတော်မှာ ကျုံး၏မြောက်ဘက်တွင် တည်ရှိသည်။ ရေနန်းတော် တည်ရှိရာနေရာသည် ဇရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်တို့ ဆုံရာတွင် တည်ရှိသည်။ မြစ်နှစ်မြစ်ဆုံရာတွင် တည်ရှိသောကြောင့် မြေအနေအထားသည် သံလျက်ကဲ့သို့ အစွန်းမှာ ချွန်းထွက်နေပါသည်။ ထို့ကြောင့် ရှေးစာများ၊ ရာဇဝင်ကြီးများတွင် ထိုမြစ်နှစ်မြစ်ဆုံရာဒေသကို သံလျက်ခုံ၊ သံလျက်စွန်းဟူ၍ ခေါ်ကြပါသည်။ ထိုသို့ခေါ်ကြသည်မှာ ပထမအင်းဝခေတ်မှ ယခုတိုင် အောင်ဖြစ်သည်။ ရေနန်းတော်သည် သံလျက်စွန်း၊ သံလျက်ခုံပေါ်တွင် တည်ရှိပေသည်။

ရေနန်းတော်အုတ်ခုံလေ့ကားတွေ့ရှိခြင်း

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ရေနန်းတော်၏အရှေ့ဘက်သရက်ကင်းလေ့ကားမှာ ပေါ်ထွက်လာခဲ့သည်။ ထိုသတင်းသည် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့သွားရာမှ ရေနန်းတော်မှာ သိသူများထင်ရှားလာခဲ့ပါသည်။ ငလျင်ကြီးကြောင့် ထွက်ပေါ်လာခဲ့သော သရက်ကင်းလေ့ကားသည် အရှေ့ဘက်သရက်ကင်းလေ့ကားဖြစ်သည်။ မန္တလေးငလျင်ကြီးကြောင့် ရေနန်းတော် သရက်ကင်းလေ့ကားတွေ့ရှိလာမှုကြောင့် ရေနန်းတော်မှာ သိသူများထင်ရှားလာခဲ့သော်လည်း ရေနန်းတော်၏တောင်ဘက် သရက်ကင်းလေ့ကားကို ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကတည်းက တွေ့ရှိခဲ့ကြပါသည်။ ရေနန်းတော်သရက်ကင်းလေ့ကားတည်ရှိရာမြေကွက်ကို ပိုင်ဆိုင်သူမှာ အင်းဝမြို့ကျုံးထိပ်အရပ်၌ နေထိုင်သော ဒေါ်ကျင်စိန်၏ မြေကွက်ဖြစ်သည်။ ရေနန်းတော်၏တောင်ဘက် သရက်ကင်းလေ့ကာအုတ်ခုံကိုအစွဲပြုပြီး ထိုမြေကွက်ကို လေ့ကားခုံမြေကွက်ဟု ခေါ်ကြပါသည်။ နောက်ထိုမြေကွက်နေရာကို အုတ်ဖုတ်ရန် မြေကျင်းတူးရာမှ လေ့ကားခုံကြီးမှာ ပို၍ထင်ရှားစွာပေါ်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရေနန်းတော်တောင်ဘက် သရက်ကင်းလေ့ကားကို ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကတည်းက ဒေသခံတို့တွေ့ရှိခဲ့ကြပြီး လေ့ကားခုံကွက်ဟု အစဉ်အဆက်ခေါ်ခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်ကတည်းက လေ့ကားခုံတွေ့ရှိခဲ့သည်ကို တချို့က ၂၀၀၉ ခုနှစ်မှ တွေ့ရှိခဲ့သည် ဟု မှားယွင်းစွာဆိုခဲ့ကြပါသည်။

မန္တလေးငလျင်ကြီးကြောင့် ပေါ်ထွက်လာခဲ့သော အရှေ့ဘက်သရက်ကင်းလေ့ကားကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက တူးဖော်မှုများပြုလုပ်ခဲ့ပါသည်။ ထို့နောက် မြောက်ဘက်သရက်ကင်းလေ့ကားတစ်ခုကို ဆက်လက်တူးဖော်ရှာဖွေရာတွင် မြောက်ဘက်သရက်ကင်းလေ့ကားကို တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ယခုအခါတွင် ရေနန်းတော်၏ သရက်ကင်းလေ့ကားသုံးခုကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ပါသည်။

နောက်ခံသမိုင်း

အင်းဝရေနန်းတော်ကို မည်သည့်မင်းလက်ထက်က စတင်တည်ဆောက်ခဲ့ကြောင်း သမိုင်းအထောက်အထားမတွေ့ရသော်လည်း ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်တွင် ရေနန်းတော်အမှတ်အသားစတင်တွေ့ရှိရသဖြင့် အင်းဝရေနန်းတော်ကို အစောဆုံးတည်ဆောက်ခဲ့သောမင်းမှာ ဆင်ဖြူရှင်မြေဒူးမင်းဟု ယာယီလက်ခံထားသင့်ပါသည်။ ဆင်ဖြူရှင်မြေဒူးမင်းနောက် ဆက်ခံခဲ့သော စဉ်ကူးမင်း၊ ဘိုးတော် ဗဒုံမင်းတို့လက်ထက်တွင်လည်း အင်းဝရေနန်းတော်၌ စံမြန်းခြင်း၊ လေ့ပွဲသဘင်ကျင်းပပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။

ပုရပိုက်မှတ်တမ်း

အင်းဝရေနန်းတော်နှင့်စပ်လျဉ်း၍ ရှားရှားပါးပါး ပုရပိုက်မှတ်တမ်းတစ်ဆူ တွေ့ရပါသည်။ ထိုပုရပိုက်မှတ်တမ်းသည် မင်းတုန်းမင်း၏အမိန့်တော်ကြောင့် ၁၂၁၇ ခုနှစ်တွင် ရေးဆွဲမှတ်သားဆက်သွင်းရသော မှတ်တမ်းဖြစ်သည်။ ထိုမှတ်တမ်းသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် တည်ဆောက်ခဲ့သော အင်းဝရေနန်းတော်အကြောင်းကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ပုရပိုက်တွင် ရေနန်းတော်နှင့်စပ်လျဉ်း၍ နှစ်မျိုးဖော်ပြထားသည်။ ထိုနှစ်မျိုးမှာ သွင်းရင်းပုံနှင့် သွင်းရင်းပုံတွင်တိုး၍ဆောက်သည့်ပုံဟူ၍ ဖြစ်သည်။ သွင်းရင်းပုံဆိုသည်မှ နဂိုဆင်ဖြူရှင်မြေဒူးမင်းလက်ထက်က ရှိနှင့်ပြီးသော ရေနန်းတော်ပုံအဟောင်းကို ဆက်သွင်းခြင်းကို ဆိုနိုင်ပါသည်။ နောက်တိုး၍ ဆောက်သည့်ပုံဆိုသည်မှာ ဆင်ဖြူရှင်မြေဒူးမင်း၏ ရေနန်းတော်ကို ဘကြီးတော်စစ်ကိုင်းမင်းက ထပ်မံတိုးချဲ့တည်ဆောက်သည့်ပုံဖြစ်သည်။ နောက်တိုးဆောက်သည့်ပုံကို ပုရပိုက်တွင် "ရတနာပူရ စတုတ္ထမြို့တည်နန်းတည်မင်းတရားကြီးလက်ထက် အဝမြို့သံလျက်စွန်းမှာ ဆောံလုပ်စံနေတော်မူသည်။ ရေနန်းတော်သွင်းရင်းပုံတွင် တိုး၍ဆောံသည့်ပုံ" ဟူ၍ မှတ်တမ်းတင်ထားသည်။

ပုရပိုက်မှတ်တမ်းတွင် ဘကြီးတော်စစ်ကိုင်းမင်းတည်ဆောက်ခဲ့သော ရေနန်းတော်ပုံစံအသေးစိတ်ပါရှိသည်။ ပန္နက်ပုံ၊ အဆောင်များ၊ ကျသင့်ငွေ၊ ကွန်းစင်တိုင်လုံးရေ၊ လက်ခံသစ်လုံးရေ၊ ထောက်တိုင်လုံးရေ စသည်ဖြင့်တိကျစွာပါရှိသည်။ ဘကြီးတော်စစ်ကိုင်းမင်း၏ ရေနန်းတော်တွင် ပါရှိသောအဆောင်များကို ပုရပိုက်မှထုတ်နုတ်ပြပါဦးမည်။

➤ စာမျက်နှာ ၅ သို့

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

ကသာ မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၂၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဧန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၀ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၁၂၅၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါ အဝင် ကုန်ကျစရိတ် နှစ်သိန်းကျော်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀ဖ)

➢ စာမျက်နှာ ၄ မှအဆက်

၁။ ပြာသာဒ်တော်ရှေ့စမုခ်	၁
၂။ ပြာသာဒ်တော်	၁
၃။ မြေနန်းဝဲ	၁
၄။ မြေနန်းယာ	၁
၅။ တောင်ဗြဲတိုက်	၁
၆။ မြောက်ဗြဲတိုက်	၁
၇။ တောင်ထားဝယ်	၁
၈။ မြောက်ထားဝယ်	၁
၉။ မှန်နန်းရှေ့ခန့	၁
၁၀။ မှန်နန်းတော်	၁
၁၁။ တောင်နန်းတော်မြာစိုက်ပါ	၂
၁၂။ မြောက်နန်းတော်မြာစိုက်ပါ	၂
၁၃။ အနောက်တန်းလျားဆောင်	၁
၁၄။ အနောက်တောင်ဆောင်	၁
၁၅။ အနောက်မြောက်ဆောင်	၁
၁၆။ နောက်တိုးမှန်နန်းတော်နောက်ခန့	၁
၁၇။ တောင်နန်းတော်နောက်လည်ပေါ်	၁
၁၈။ တောင်နန်းတော်တောင်ခေါင်စင်း	၁
၁၉။ မြောက်နန်းတော်နောက်လည်ပေါ်	၁
၂၀။ အိမ်သာတော်	၅

ဖြစ်သည်။

ဘကြီးတော်စစ်ကိုင်းမင်းသည် အင်ဝရေနန်းတော်ကို နောက်ဆုံးတည်ဆောက်၍စိုးစံခဲ့သောမင်း ဖြစ်သည်။ ထို့ကြောင့် ယခုအင်းဝမြို့တွင် ရှာဖွေတွေ့ရှိရသော သရက်ကင်းလှေကားများသည် ဘကြီးတော်စစ်ကိုင်းမင်းတည်ဆောက်ခဲ့သော သရက်ကင်းလှေကားများဟု ဆိုနိုင်ပါသည်။ ရှေးကတည်ဆောက်ခဲ့သော ရေနန်းတော်များသည် ယခုအခါ ပျက်စီးပျောက်ဆုံးခဲ့ပြီဖြစ်သည်။ ရှားရှားပါးပါးအင်းဝမြို့၌သာ ရေနန်းတော်သရက်ကင်းလှေကားများကို ယခုအချိန်ထိ တွေ့ရှိနေရခြင်း ဖြစ်သည်။ ထိုသရက်ကင်းလှေကားများသည် ရှေးခေတ်နန်းဓလေ့အဆောက်အအုံများဖြစ်သဖြင့် ရေရှည်တည်တံ့ရန်ထိန်းသိမ်းသင့်လှပေသည်။

ဖေးမကူညီ ကြက်ခြေနီ

- ဘေးအန္တရာယ်တွေ ဖေးကူကြ
  အတွေးအယူဆ မြင့်မြတ်သူ၊
  ပေးဆပ်ကာ အပြုံးများနှင့်
  နှလုံးသားကဖြူ၊
  သူ့အသက်အား ပမာမမူ
  ဝိုင်းဝန်းကာကူ လူအများ၊
  အခက်ခဲတွေ သူတို့မကြောက်
  အံ့လောက်စိတ်ထား။။

- ကမ္ဘာ့နိုင်ငံ အများက
  သတ်မှတ်ထား ရက်မြတ်မဟာ၊
  ပေါင်းစည်းကာ စုစည်းမှုဖြင့်
  ဂုဏ်ပြုလို့သာ၊
  ရှစ်ရက်နေ့ မေလမှာ
  သတ်မှတ်ကာ ဂုဏ်ပြုထား၊
  ကမ္ဘာ့ကြက်ခြေနီ တည်တံ့ရေး
  အားပေးကာသွား။။

- အဖြူအမည်း မခွဲခြားပဲ
  စာနာထောက်ထား ကူညီကာ၊
  မေတ္တာတရားကို အစဉ်ရှေးရှုလို့
  ပြုစုလို့သာ၊
  အခြေခံမူခုနစ်ချက် ကိုင်စွဲကာ
  လူသားချင်းစာနာ ကူညီထား၊
  အသွေးအလှဖြူသည်
  ဖေးမကူညီ ဂုဏ်ဝင့်ထည်သည့်
  မြင့်မြတ်လူသား။။ ။

ရွှေတိုး(ထုံးဘို)

နိုင်ငံတကာ သတင်းများ

ကွန်ဆာဗေးတစ်ခေါင်းဆောင် ဖရက်ဒရစ်မားဇ်ကို ဂျာမနီအောက်လွှတ်တော် ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်

ဘာလင် မေ ၇

ကွန်ဆာဗေးတစ်ခေါင်းဆောင် ဖရက်ဒရစ်မားဇ်ကို ဂျာမနီနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ဂျာမနီအောက်လွှတ်တော်က မေ ၆ ရက်တွင် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ဂျာမနီ အောက်လွှတ်တော်သည် ဝန်ကြီးချုပ်သစ်ရွေးချယ်ရေး ဒုတိယအကျော့မဲခွဲပွဲတွင် ကွန်ဆာဗေးတစ်ခေါင်းဆောင် ဖရက်ဒရစ်မားဇ်ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်နိုင်ခဲ့ခြင်းဖြစ်သည်။

မေ ၆ ရက်တွင် ကျင်းပခဲ့သော ဝန်ကြီးချုပ်ရွေးချယ်ရေး ပထမအကျော့မဲခွဲပွဲတွင် ဖရက်ဒရစ်မားဇ်မှာ ထောက်ခံမဲ ၃၁၀ သာ ရရှိခဲ့သည်။

ဂျာမနီလွှတ်တော်၏ ဥပဒေများအရ ဝန်ကြီးချုပ်ရာထူး ရယူရေးအတွက် ဖရက်ဒရစ်မားဇ်အနေဖြင့် အောက်လွှတ်တော်၏ ထောက်ခံမဲ အနည်းဆုံး ၃၁၆ မဲ ရရှိရန်လိုအပ်သည်။

သို့ရာတွင် ဒုတိယအကျော့ ဝန်ကြီးချုပ်ရွေးချယ်ရေးမဲခွဲပွဲတွင် အသက် ၆၉ နှစ်အရွယ် ဖရက်ဒရစ်မားဇ်သည် အောက်လွှတ်တော်၏ ထောက်ခံမဲ ၃၂၅ မဲထိ ရရှိခဲ့ကြောင်း သိရသည်။

ဖရက်ဒရစ်မားဇ် ဦးဆောင်သည့် ကွန်ဆာဗေးတစ်အုပ်စုသည် ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ဖက်ဒရယ်ရွေးကောက်ပွဲ၌ အနိုင်ရထားပြီး ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးအတွက် ဆိုရှယ်ဒီမိုကရက်တစ် ပါတီနှင့် သဘောတူညီချက် ရယူထားကြောင်း သိရသည်။Ref : Xinhua

Trs : KKO

ဟူသီအုပ်စုကို ဗုံးကြဲတိုက်ခိုက်မှုများရပ်ဆိုင်းပေးရန် အမေရိကန်အစိုးရ သဘောတူ

ဝါရှင်တန် မေ ၇

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုပစ်မှတ်များအား ဗုံးကြဲတိုက်ခိုက်နေမှုများကို ရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မေ ၆ ရက်တွင် ကြေညာခဲ့သည်။

အိုမန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုအရ ဟူသီသူပုန်များက အရှေ့အလယ်ပိုင်း ရေပြင်များအတွင်း သွားလာနေသည့် အမေရိကန်သင်္ဘောများကို ရန်မပြုရန် သဘောတူထားပြီး အပြန်အလှန်အနေဖြင့် ဟူသီပစ်မှတ်များကို တိုက်ခိုက်မှု ရပ်ဆိုင်းပေးရန် အမေရိကန်အစိုးရက သဘောတူထားကြောင်း သိရသည်။

အိုမန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ဟူသီအုပ်စုနှင့် ရယူထားသည့် သဘောတူညီချက်အရ မိမိတို့အနေဖြင့် ဟူသီပစ်မှတ်များအား ဗုံးကြဲတိုက်ခိုက်နေမှုများ ရပ်ပေးထားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် အိုမန်နိုင်ငံနှင့် ရယူထားသည့် သဘောတူညီချက်အရ ဟူသီအုပ်စုအနေဖြင့် အစ္စရေးသင်္ဘောများအား တိုက်ခိုက်ခြင်း ရပ်ဆိုင်းပေးရန် သဘောတူထားခြင်းရှိ၊ မရှိကို မသိရသေးကြောင်း သိရသည်။

ပင်လယ်နီ ရေလမ်းကြောင်းများ တိုက်ခိုက်ခံရမှုကို တားဆီးရေးအတွက် အမေရိကန်နိုင်ငံသည် ယခုနှစ်အတွင်း ဟူသီအုပ်စုအပေါ် တိုက်ခိုက်နေမှုများကို မြှင့်တင်ပြုလုပ်ခဲ့သည်။

အမေရိကန်စစ်ဘက်သည် ယခုနှစ်အတွင်း ဟူသီအုပ်စု၏ ပစ်မှတ်ပေါင်း ၁၀၀၀ ကျော်ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

ရုရှားသမ္မတပူတင်နှင့် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရို နှစ်နိုင်ငံ မဟာဗျူဟာမိတ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးရန်စီစဉ်

မော်စကို မေ ၇

ရုရှားသမ္မတပူတင်နှင့် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုတို့သည် ယနေ့တွင် မော်စကိုမြို့၌ နှစ်နိုင်ငံ မဟာဗျူဟာမိတ်ဖက်သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုသည် ၁၉၄၁-၁၉၄၅ ခုနှစ် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ် ၈၀ ပြည့် အခမ်းအနားများ တက်ရောက်ရန် မော်စကိုမြို့သို့ ရောက်ရှိနေပြီဖြစ်သည်။

သမ္မတပူတင်နှင့် သမ္မတ မာဒူရိုတို့ လက်မှတ်ရေးထိုးမည့် နှစ်နိုင်ငံ မဟာဗျူဟာ မိတ်ဖက်သဘောတူညီချက်သည် ရုရှားနှင့် ဗင်နီဇွဲလားနိုင်ငံတို့အတွက် အလွန်အရေးကြီးသည့် သဘောတူညီချက်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားထားသည်။

ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေး ပျက်ပြားခဲ့ရသော ရုရှားနိုင်ငံသည် အနောက်အုပ်စုသြဇာကို မလိုလားသည့် စိတ်တူကိုယ်တူနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်လျက်ရှိသည်။

ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ်မှစ၍ တရုတ်၊ မြောက်ကိုရီးယား၊ အီရန်နိုင်ငံတို့နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်များ ရယူထားခဲ့ပြီးဖြစ်သည်။

ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံများထဲတွင် ဗင်နီဇွဲလားနိုင်ငံလည်း ပါဝင်ကြောင်း သိရသည်။ Ref : RT

Trs : KKO

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် အမြောက်ကျည်ထုတ်လုပ်ရေးစက်ရုံများသို့ သွားရောက်စစ်ဆေး

ပြုံယမ်း မေ ၇

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးစက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရ ကေစီအင်နအေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် ခဲယမ်းမီးကျောက်စက်ရုံများထဲတွင် အမြောက်ကျည်ထုတ်လုပ်ရေး စက်ရုံများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မှုနှုန်းကို လေးဆအထိ မြှင့်တင်နိုင်ခဲ့သည့်အတွက် အမြောက်ကျည်ထုတ်လုပ်ရေး စက်ရုံများကို ချီးကျူးခဲ့ကြောင်း သိရသည်။

ခဲယမ်းမီးကျောက်စက်ရုံများသို့ မည်သည့်အချိန်တွင် ကင်ဂျုံအန် သွားရောက်ခဲ့သည်ကို ကေစီအင်နအေ သတင်းထုတ်ပြန်ချက်၌ ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယူကရိန်းစစ်ပွဲ ကာလအတွင်း မဟာမိတ် ရုရှားနိုင်ငံကို အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ တန်ဖိုးရှိသော ဒုံးကျည်များနှင့် အမြောက်ကျည်များကို ဖြည့်ဆည်းပေးခဲ့သည်။

ထို့ပြင် ယူကရိန်းစစ်ပွဲတွင် ရုရှားတပ်များနှင့်အတူ လက်တွဲတိုက်ခိုက်ရေးအတွက် တပ်ဖွဲ့ဝင် ၁၅၀၀၀ ခန့်ကိုလည်း စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

အိန္ဒိယစစ်ဘက်က ပါကစ္စတန်နိုင်ငံကို ဒုံးကျည်များဖြင့်ပစ်ခတ်

ဒေလီ မေ ၇

ပါကစ္စတန်နိုင်ငံနှင့် ပါကစ္စတန်ထိန်းချုပ်ထားသည့် ကတ်ရှ်မီးယားဒေသတို့မှ ပစ်မှတ်များကို အိန္ဒိယစစ်ဘက်က ယနေ့တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဂျမူးနှင့် ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်အတွက် တုံ့ပြန်သည့်အနေဖြင့် ပါကစ္စတန်နိုင်ငံကို အိန္ဒိယနိုင်ငံက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ တိုက်ခိုက်မှုကြောင့် အရပ်သား ၂၆ ဦး သေဆုံးခဲ့ရပြီး ၄၆ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုကို ပြောင်ပြောင်တင်းတင်းစစ်ပြိုမှုအဖြစ် ပါကစ္စတန်ခေါင်းဆောင်များက ဝေဖန်ထားပြီး အိန္ဒိယ၏ ဗိုလ်ကျတိုက်ခိုက်မှုကို ပါကစ္စတန်အနေဖြင့် တုံ့ပြန်ခွင့်ရှိကြောင်း ပြောကြားထားသည်။

အိန္ဒိယ၏ လေကြောင်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယတိုက်လေယာဉ် ငါးစင်းကို ပစ်ချခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အနေဖြင့် ပဋိပက္ခအရှိန်ကို လျှော့ချရန်နှင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်အပါအဝင် ကမ္ဘာ့ခေါင်းဆောင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : xinhua

Trs : KKO

SCIENCE AND TECHNOLOGY

နာဆာက အားတီးမစ်-၂ မစ်ရှင်အတွက်အသုံးပြုမည့် SLS ဒုံးပျံတည်ဆောက်တပ်ဆင်မှုလုပ်ငန်း ပြီးဆုံးတော့မည်ဖြစ်



ဝါရှင်တန် မေ ၇

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က အားတီးမစ်-၂ မစ်ရှင်အတွက် အသုံးပြုမည့် SLS ဒုံးပျံ တည်ဆောက်တပ်ဆင်မှုလုပ်ငန်း ပြီးဆုံးတော့မည်ဖြစ်ကြောင်း မေ ၆ ရက် သတင်းများအရ သိရသည်။

နာဆာအင်ဂျင်နီယာများသည် SLS ဒုံးပျံ၏ ICPS ခေါ် ဒုတိယအဆင့်ဒုံးယာဉ်ကို ပင်မဒုံးယာဉ်၌ အောင်မြင်စွာတပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

ICPS ဒုံးယာဉ်သည် အိုရီယွန် အာကာသယာဉ်နှင့် နာဆာ အာကာသယာဉ်မျူး နှစ်ဦးတို့ကို လကမ္ဘာထိ ပို့ဆောင်ပေးမည့် ဒုံးယာဉ်ဖြစ်သည်။

SLS ဒုံးပျံကို ဖလော်ရီဒါ ပြည်နယ် ကနေဒီအာကာသစခန်း၌ တပ်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မျူး နှစ်ဦးလိုက်ပါမည့် အိုရီယွန် အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လာမည့်နှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။

လမျက်နှာပြင်ပေါ်သို့ လူသားများ ထပ်မံပို့ဆောင်ပေးမည့် အားတီးမစ်-၃ မစ်ရှင်ကိုမူ ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် နာဆာက ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဆောက်သ်ပိုးလ်အိုက်ကန် လကမ္ဘာဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ လကမ္ဘာအတွင်းကျောက်သားလွှာ ရွေးဦးအစိတ်အပိုင်းများနှင့် ရွေးဟောင်းချော်ရည်သမုဒ္ဒရာ၏အကြွင်းအကျန်များ တည်ရှိနေနိုင်

ဝါရှင်တန် မေ ၇

ဆောက်သ်ပိုးလ်အိုက်ကန် အမည်ရှိ လကမ္ဘာဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ လကမ္ဘာအတွင်းကျောက်သားလွှာ ရွေးဦးအစိတ်အပိုင်းများနှင့် ရွေးဟောင်းချော်ရည်သမုဒ္ဒရာ၏ အကြွင်းအကျန်များတည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက မေ ၆ ရက်တွင် ပြောကြားသည်။

ဆောက်သ်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝှမ်းသည် လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၄ ဘီလီယံခန့်က လမျက်နှာပြင်ပေါ်သို့ ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းလွင်ပြင်ဖြစ်ကြောင်း သိရသည်။

အထက်ပါ ဂြိုဟ်သိမ်သည် မူလ ဆောက်သ်ပိုးလ်အိုက်ကန် နယ်မြေရှိ ချော်ရည်ပြင်အလွှာပါးကို ဖယ်ထုတ်ပစ်ခဲ့ကြောင်း အရီဇိုးနားတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ကျောက်သား အစိတ်အပိုင်းများကို လေ့လာခြင်းဖြင့် လကမ္ဘာ၏ အတွင်းကျောက်သားလွှာဖွဲ့စည်းပုံကို နားလည်လာနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ယူဆထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က လွှတ်တင်မည့် အားတီးမစ် မစ်ရှင်များဖြင့် ဆောက်သ်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝှမ်းမှ ကျောက်သားနမူနာများကို ရယူလေ့လာနိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

ဆောက်သ်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝှမ်းနယ်မြေသည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ တည်ရှိသည့် ဥက္ကာချိုင့်ဝှမ်းနယ်မြေဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

Space-X အာကာသနည်းပညာကုမ္ပဏီက Starship ဒုံးပျံများကို တစ်နှစ်လျှင် ၂၅ ကြိမ်ထိ လွှတ်တင်ခွင့်ရရှိထား

ဝါရှင်တန် မေ ၇

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship ဒုံးပျံများကို တစ်နှစ်လျှင် ၂၅ ကြိမ်ထိ လွှတ်တင်ခွင့် ရရှိထားပြီဖြစ်ကြောင်း မေ ၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်း ဗျူရိုသည် Starship မစ်ရှင်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ပြီးနောက် Starship ဒုံးပျံများကို တစ်နှစ်လျှင် ၂၅ ကြိမ်ထိ လွှတ်တင်ခွင့်ပေးရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် လက်ရှိအချိန်တွင် Starship ဒုံးပျံများကို ရှစ်ကြိမ်ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Starship ဒုံးပျံများသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် စွမ်းဆောင်ရည်အမြင့်ဆုံး ဒုံးပျံများဖြစ်ကြပြီး အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်ရန် ပုံစံထုတ် တည်ဆောက်ထားသည့် ဒုံးပျံအမျိုးအစား ဖြစ်ကြောင်း သိရသည်။

ဖက်ဒရယ်လေကြောင်းပျံသန်း အေဂျင်စီသည် Space-X ကုမ္ပဏီ အတွက် Starship ဒုံးပျံများ ပြန်လည်ဆင်းသက်ခွင့်ကိုလည်း တစ်နှစ်လျှင် ၂၅ ကြိမ်ထိ ခွင့်ပြုထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်ဆီသို့ လူသားများကို ပို့ဆောင်ရေး အတွက် Starship ဒုံးပျံများ တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

ပန်းနာရင်ကျပ်ထိုးဆေးက COPD လူနာများ ဆေးရုံတက်ရနိုင်ခြေကို လျှော့ချနိုင်

နယူးယောက် မေ ၇

ပန်းနာရင်ကျပ် ထိုးဆေးတစ်မျိုးသည် နာတာရှည်လေပြွန်ရောင်အဆုတ်ပွရောဂါ(COPD) လူနာများ ဆေးရုံတက်ရောက်ရနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း မေ ၆ ရက် သတင်းများအရ သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်လတစ်ကြိမ် ထိုးနှံ့ရသော Mepolizumab အမည်ရှိ ပန်းနာရင်ကျပ်ထိုးဆေးသည် COPD ရောဂါလက္ခဏာများကို သိသိသာသာ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် Mepolizumab ထိုးဆေးကို COPD လူနာ ၁၂၀၀ တို့ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Mepolizumab ဆေးသည် COPD ရောဂါ လက္ခဏာများကို ၂၃ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ပြီး COPD လူနာများ ဆေးရုံတက်ရနိုင်ခြေကိုလည်း ၃၅ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

COPD ရောဂါသည် အဆုတ်လေအိတ်များရောင်ရမ်းပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့်အဆုတ်ရောဂါတစ်မျိုးဖြစ်ပြီး COPD ရောဂါဖြစ်ပွားပါက ချောင်းအဆက်မပြတ်ဆိုးခြင်း၊ သလိပ်အလွန်အကျွံထွက်ခြင်း၊ အသက်ရှူမဝခြင်း စသည့်ရောဂါလက္ခဏာများ ပေါ်လာတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

အသက် ၆၅ နှစ်အထက် အမျိုးသမီးများကြား စအိုကင်ဆာဖြစ်ပွားမှုနှုန်း သိသိသာသာမြင့်တက်လာ

နယူးယောက် မေ ၇

အမျိုးသမီးများ အထူးသဖြင့် အသက် ၆၅ နှစ်အထက်အမျိုးသမီးများကြား စအိုကင်ဆာဖြစ်ပွားမှုနှုန်း သိသိသာသာမြင့်တက်လာပြီး ၎င်းကင်ဆာရောဂါ၏ ရောဂါလက္ခဏာများကို အထူးသတိပြုကြရန် အမေရိကန်သုတေသနပညာရှင်များက တိုက်တွန်းထားကြောင်း မေ ၆ ရက် သတင်းများအရ သိရသည်။

စအိုကင်ဆာရောဂါ၏လက္ခဏာများထဲတွင် ဝမ်းသွားစဉ် သွေးပါခြင်း၊ နာကျင်ခြင်း၊ ယားယံခြင်း၊ စအိုဝန်းကျင်၌ အဖုအပိမ့်ငယ်များ ထွက်လာတတ်ခြင်း၊ ဝမ်းမထိန်းနိုင်ခြင်း စသည်တို့ပါဝင်သည်။

အသက် ၆၅ နှစ်အထက် အမျိုးသမီးများကြား စအိုကင်ဆာဖြစ်ပွားမှုနှုန်းမြင့်တက်နေမှုကို အံ့အားသင့်ဖွယ် ဖော်ထုတ်တွေ့ရှိခဲ့ရပြီး နောက် ၎င်းရောဂါ၏ ရောဂါလက္ခဏာများကို သတိပြုကြရန် ဆေးပညာရှင်များက တိုက်တွန်းထားခြင်းဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြားကာလအတွင်း အမျိုးသားများကြား စအိုကင်ဆာဖြစ်ပွားနှုန်းမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းထိသာ မြင့်တက်လာသော်လည်း အမျိုးသမီးများကြားတွင်မူ သုံးရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း သိရသည်။

အထူးသဖြင့် အသက် ၆၅ နှစ်အထက် အမျိုးသမီးများကြား စအိုကင်ဆာဖြစ်ပွားမှုနှုန်းမှာ နှစ်စဉ်လေးရာခိုင်နှုန်းထိ ပိုမိုမြင့်မားနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

ဘာစီလိုနာကို အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရခဲ့သည့် အင်တာမီလန်အသင်း ချန်ပီယံလီဂ်ဗိုလ်လုပွဲတက်ရောက်

ရောမ မေ ၇

ချန်ပီယံလီဂ် ဆီမီးဖိုင်နယ် ပွဲစဉ်တွင် အင်တာမီလန်အသင်းက ဘာစီလိုနာအသင်းကို အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး ခြောက်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ပထမအကျော့ ပွဲစဉ်တွင် အင်တာမီလန်အသင်းသည် ဘာစီလိုနာအသင်းကို အဝေးကွင်းတွင် သုံးဂိုးစီ သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုပွဲစဉ်တွင်လည်း ပွဲစကတည်းက တိုက်စစ်မြှင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၁ မိနစ်တွင် မာတီနက်၏ ပွဲချိန် ၄၅ မိနစ်တွင် ကယ်ဟာနို ဂလူတို့၏ သွင်းဂိုးများဖြင့် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ဘာစီလိုနာအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၅၄ မိနစ်တွင် ဂါစီယာ၊ ပွဲချိန် မိနစ် ၆၀ တွင် အိုမိုတို့က ချေပဂိုးများ ဆက်တိုက်သွင်းယူနိုင်သဖြင့် တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ၈၇ မိနစ်တွင် ရာင်ဖင်ဟာ ဦးဆောင်ဂိုးသွင်းယူ၍ ပြိုင်ပွဲကိုထိန်းချုပ်ရန် ကြိုးပမ်းခဲ့ရာ အင်တာမီလန်အသင်း၏ ရေကုန်ရေခမ်း ကစားလာမှုကြောင့် ပွဲချိန် မိနစ် ၉၀ ကျော်တွင် အာဆာဘီက ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်နေ၍ အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပို ပွဲကစားချိန်တွင် ဘာစီလိုနာအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနေသော်လည်း ထိရောက်သည့် ကန်သွင်းမှုများ ပြုလုပ်နိုင်ခြင်း မရှိခဲ့ဘဲ အင်တာမီလန်အသင်းကသာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ကာ ပွဲကစားချိန် ၉၉ မိနစ်တွင် ဖရာတက်စီက အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး နောက် နှစ်သင်းစလုံး ကစားအားကျဆင်းသွားခြင်းမရှိခဲ့သည့်အပြင် ဘာစီလိုနာအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း အင်တာမီလန်ဂိုးသမား ဆွန်မာ၏ လက်စွမ်းပိုင်းကြောင့် ဂိုးရရှိခြင်းမရှိခဲ့သဖြင့် အင်တာမီလန်အသင်းက လေးဂိုး သုံးဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။

အင်တာမီလန် အသင်းသည် ဘောလုံးရာသီ သုံးရာသီအတွင်း ချန်ပီယံလီဂ်ဗိုလ်လုပွဲ နှစ်ကြိမ်ထိ ရောက်ရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်မှ အနိုင်ရသည့် အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အဆိုပါ ပွဲစဉ်ကို လာမည့် ဇွန် ၁ ရက်တွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

ဘာစီလိုနာနည်းပြဖလစ်က ချဲလ်ဆီးအသင်း ခေါင်းဆောင် ရိစ်ဂျိမ်းကို ခေါ်ယူရန် ပြင်ဆင်

ဘာစီလိုနာ မေ ၇

ဘာစီလိုနာအသင်း နည်းပြ ဖလစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ခံစစ်ပိုင်း အားနည်းချက်ရှိနေသောကြောင့် ခံစစ်ပိုင်း ဖြည့်တင်းရန်အတွက် ချဲလ်ဆီးအသင်းခေါင်းဆောင် ရိစ်ဂျိမ်းကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

နည်းပြဖလစ်သည် ညာတောင်ပံခံစစ်ပိုင်းတွင် ရိစ်ဂျိမ်းကို ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေး ယူရှိသန်း ၃၀ ဝန်းကျင် အသုံးပြုမည့်အပြင် တောင်ပံတိုက်စစ်ကစားသမား ဖာရန်တောရက်စ်နှင့်လည်း အလဲအထပ်ပြုလုပ်ရန် စီစဉ်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းချက်ကို ဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲ ၃၄ ပွဲ အပြီးတွင် ခံစစ်ပိုင်းက ပေးဂိုး ၃၄ ဂိုးထိရှိခဲ့ပြီး ချန်ပီယံလီဂ်ပြိုင်ပွဲတွင်လည်း ခံစစ်ပိုင်းအားနည်းချက်ကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး နောက် လာမည့်နှစ်တွင် အသင်း ခံစစ်ပိုင်း ဖြည့်တင်းသွားမည် ဖြစ်ကာ ချဲလ်ဆီးအသင်း ခံစစ်ကစားသမား ရိစ်ဂျိမ်းကို နည်းပြ ဖလစ်က ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမား ရိစ်ဂျိမ်းသည် ဘယ်တောင်ပံ ခံစစ်ပိုင်းနှင့် ညာတောင်ပံခံစစ်ပိုင်းတို့တွင် ကစားနိုင်သည့်အပြင် ကွင်းလယ်ပိုင်းတွင်လည်း ပါဝင် ကစားနိုင်သည့် ကစားသမား တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာကြောင့် ပြိုင်ပွဲစုံ ၁၁ ပွဲနှင့် ယခုနှစ်တွင်လည်း ပြိုင်ပွဲစုံ ၂၄ ပွဲသာ ကစားနိုင်ခဲ့သဖြင့် ချဲလ်ဆီးအသင်းက ရောင်းချရန် ပြင်ဆင်နေသဖြင့် ဘာစီလိုနာ အသင်းနည်းပြ ဖလစ်က ကစားကွက်နှင့်ကိုက်ညီသည့်ကစားသမားကိုခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Fotmob
Trs : ML

IBF က စူပါဖလိုင်းဝိတ်တန်းချန်ပီယံစိန်ခေါ်ခွင့်အတွက် မိုလိုနေးနှင့် ကော့တ္ပိုက်တို့အား ယှဉ်ပြိုင်ထိုးသတ်ရန်ညွှန်ကြား

နယူးဂျာစီ မေ ၇

အမေရိကန်နိုင်ငံ နယူးဂျာစီ ပြည်နယ်တွင်အခြေစိုက်သည့် IBF အဖွဲ့ချုပ်က IBF စူပါဖလိုင်းဝိတ်တန်း ချန်ပီယံစိန်ခေါ်ခွင့် အတွက် သြစတြေးလျှလက်ဝှေ့သမား မိုလိုနေးနှင့် မက္ကဆီကို လက်ဝှေ့သမား ကော့တ္ပိုက်တို့အား ယှဉ်ပြိုင်ထိုးသတ်ရန် ညွှန်ကြားလိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံ စိန်ခေါ်ခွင့်အတွက် မက္ကဆီကို လက်ဝှေ့သမားများဖြစ်ကြသည့် ဂါစီယာနှင့် ကာလစ်တိုတို့ ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ပြီး အနိုင်ရရှိလာသည့် လက်ဝှေ့သမားက မိုလိုနေးနှင့် ကော့တ္ပိုက်တို့ပွဲစဉ်မှ အနိုင်ရရှိလာသည့် လက်ဝှေ့သမားဖြင့် ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ထိုးသတ်ရမည်ဖြစ်သည်။

IBF အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "IBF စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အတွက် မိုလိုနေးနဲ့ ကော့တ္ပိုက်တို့ကို ယှဉ်ပြိုင်ထိုးသတ်သွားဖို့ အတွက် ညွှန်ကြားထားပါတယ်။ အနိုင်ရရှိလာတဲ့ လက်ဝှေ့သမားက ဂါစီယာနဲ့ ကာလစ်တိုတို့ပွဲစဉ်က အနိုင်ရရှိလာတဲ့ လက်ဝှေ့သမားနဲ့ ကမ္ဘာ့ချန်ပီယံအတွက် စိန်ခေါ်ထိုးသတ်သွားရမှာ ဖြစ်ပါတယ်။

စိန်ခေါ်ပွဲအတွက် မိုလိုနေးနဲ့ ကော့တ္ပိုက်တို့ကို ရက်ပေါင်း ၃၀ အတွင်း ဆွေးနွေးညှိနှိုင်းမှု အပြီးသတ် ဆောင်ရွက်သွားဖို့လည်း ညွှန်ကြားထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

အားကစားသတင်းအတိုအထွာများ

- ❑ ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ပိုင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဟယ်ရီကိန်းနေရာတွင် အစားထိုးနိုင်ရန်အတွက် လေဗာကူဆင်အသင်း တိုက်စစ်မှူး ပက်ထရစ်ရှိခ်ကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ❑ ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းသွားသည့် လက်စတာ အသင်းက အသင်းကို ပြန်လည်တည်ဆောက်ရန်အတွက် ကစားသမား ခုနစ်ဦးထိ ရောင်းချသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ မန်ယူအသင်းနှင့် ကစားရမည့် ယူရိုပါလီဂ်ဆီမီးဖိုင်နယ်အဆင့်တွင် အီနာကီဝီလျံနှင့် နစ်ကိုးဝီလျံတို့ ညီအစ်ကိုနှစ်ဦးစလုံး ပါဝင်မည်မဟုတ်ကြောင်း ဘီလ်ဘာအိုအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

ML

အယ်ဟိုင်လာအသင်းက ဗာနန်ဒက်စ်ကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ၆၆ သန်းဖြင့် ကမ်းလှမ်း

ရီယာဒ် မေ ၇

ဆော်ဒီပရိုလီဂ်ကလပ် အယ်ဟိုင်လာအသင်းသည် မန်ယူအသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား ဗာနန်ဒက်စ်ကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ၆၆ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ဗာနန်ဒက်စ်သည် ယခုနှစ် ဘောလုံးရာသီ နည်းပြအာမိုရင် လက်အောက်တွင် တိုက်စစ်ပိုင်းထိပါ လိုက်ပါကစားခဲ့ရပြီးနောက် ပရီးမီးယားလီဂ်တွင် ဂိုးပါဝင်ပတ်သက်မှု ၂၅ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်နှင့် မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းတို့နောက်တွင် တတိယမြောက် အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည့်အပြင် ယူရိုပါလီဂ်ပြိုင်ပွဲတွင်လည်း အသင်းကို ဗိုလ်လုပွဲသို့ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ၔင်းသည် မန်ယူအသင်းနှင့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည် ဖြစ်သော်လည်း စာချုပ်ပါ သဘောတူညီချက်တွင် စာချုပ်ဖျက်သိမ်းကြေး ယူရှိ သန်း ၆၀ ဝန်းကျင်သာရှိသည်ဟု သတင်းထွက်ပေါ်နေသဖြင့် အယ်ဟိုင်လာအသင်းက စာချုပ်ဖျက်သိမ်းကြေး ပေးချေမည့်အပြင် ကစားသမားအတွက် တစ်နှစ်လုပ်ခ စတာလင်ပေါင် ၆၅ သန်းထိပေး၍ ကမ်းလှမ်းမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအနေဖြင့် ဗာနန်ဒက်စ်ကိုရောင်းချရန် ဆန္ဒမရှိဘဲ ဆက်လက် ထိန်းသိမ်းသွားမည် ဖြစ်သော်လည်း အသင်းအနေဖြင့် ယူရိုပါလီဂ် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ပါက လာမည့်နှစ် ချန်ပီယံလီဂ်ကစားခွင့် ရရှိမည် မဟုတ်သောကြောင့် ဗာနန်ဒက်စ်ကို လက်လွှတ်ရဖွယ်ရှိပြီး အယ်ဟိုင်လာအသင်းကလည်း ဗာနန်ဒက်စ်ကိုခေါ်ယူရန် ငွေကြေး အမြောက်အမြား သုံးစွဲခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားဟောင်း ဂျက်ဆင်ဒေး Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်

ဖီလာဒဲလ်ဖီးယား မေ ၇

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဖီလာဒဲလ်ဖီးယားမြို့တွင် ကျင်းပမည့် Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်မဟုတ်ကြောင်း သြစတြေးလျ ဂေါက်သီးရိုက် ကစားသမား ဂျက်ဆင်ဒေးက ထုတ်ပြန်ခဲ့သည်ဟုယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်ဆင်ဒေးသည် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ဖူးသည့် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်ပြီး ရလဒ်များ ကျဆင်းနေသည့်အတွက် လက်ရှိ ကမ္ဘာ့အဆင့်(၃၂) နေရာတွင် ရပ်တည်နေသူဖြစ်သည်။

Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီက "ဂျက်ဆင်ဒေးဟာ လည်ပင်း နာကျင်နေတဲ့အတွက် ပြိုင်ပွဲကနေ နုတ်ထွက်ကြောင်း အသိပေးလာခဲ့တဲ့အတွက် ရော်ဂျာနဲ့ အစားထိုးခဲ့ပါတယ်။ ရော်ဂျာက လည်း ပြိုင်ပွဲကနေနုတ်ထွက်ကြောင်း ဆုံးဖြတ်ခဲ့တဲ့အတွက် ချက်ရီဗီနှင့် အစားထိုးလိုက်ပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

ဂျက်ဆင်ဒေးသည် Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သော်လည်း PGA Championship တွင် ပါဝင်ယှဉ်ပြိုင်သွားမည်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခွင့်ပေးရန် ဖလိုရီယန်ဝစ်ဇ် အသင်းထံတောင်းဆို

ဘာလင် မေ ၇

လေဗာကူဆင်အသင်း အဓိကလူငယ် ကွင်းလယ်ကစားသမား ဖလိုရီယန်ဝစ်ဇ်က ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့က ၎င်းကို အပြိုင်ကမ်းလှမ်းမှုများ လုပ်ဆောင်နေသော်လည်း ဒေသတွင်းပြိုင်ဘက် ဘိုင်ယန်မြူးနစ် အသင်းထံ ပြောင်းရွှေ့ခွင့် ပေးရန်အတွက် တောင်းဆိုထားကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဖလိုရီယန်ဝစ်ဇ်ကို ပြီးခဲ့သည့်နှစ်နွေရာသီက စားသမား အပြောင်းအရွှေ့ကာလ ကတည်းက ဥရောပထိပ်တန်း အသင်းကြီးများက အပြိုင်ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ကြသော်လည်း ဖလိုရီယန်ဝစ်ဇ်ကိုယ်တိုင်က အသင်းနှင့် တစ်ရာသီ ဆက်လက်လက်တွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင် အသင်းနှင့် ဖလိုရီယန်ဝစ်ဇ်တို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း ဖလိုရီယန်ဝစ်ဇ်ကိုယ်တိုင် စာချုပ်သစ်ချုပ်ဆိုမည် မဟုတ်ဘဲ လာမည့်နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက နည်းပြသစ်အဖြစ် လက်ရှိ လေဗာကူဆင် အသင်းမှ အလွန်ဆိုကို ခန့်အပ်ပြီးလျှင် ဖလိုရီယန်ဝစ်ဇ်ကို တစ်ပါတည်း ခေါ်ယူလိုသော်လည်း ဖလိုရီယန်ဝစ်ဇ် ကိုယ်တိုင်က ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ ကစားလိုသည့် အတွက် အသင်းထံ ပြောင်းရွှေ့ခွင့် တောင်းဆိုထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရန်ကုန်ယူနိုက်တက်၊ ရာမညယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်၊ ရာမညယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီက ပဒုမ္မာအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ချစ်ထူးနိုင်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက တောင်ဒဂုံအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရာမယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် စိုးမောင်မောင်နှင့် ပွဲချိန် ၈၂ မိနစ်တွင် ဥက္ကာဟိန်းသန့်တို့က သွင်းယူပေးနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် လေးမိနစ်တွင် စောမင်းခန့်နိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် Falcon အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန် ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်တွင် ခွန်ချိုထူးနှင့် ပွဲချိန် ၁၈ မိနစ်တွင် ကောင်းခန့်ကျော်တို့က သွင်းယူပေးနိုင်ခဲ့ပြီး Falcon အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ရန်ကုန်ယူနိုက်တက် အသင်းမှ ရဲဝင်းအောင်က ကိုယ့်ဂိုး ကိုယ် သွင်းယူခဲ့သည့်အတွက် ချေပဂိုးရရှိခဲ့ကြောင်း သိရသည်။

STA

ချက်တင်းနစ်မယ် ကီတိုဗာ Italian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ တက်ရောက်

ရောမ မေ ၇

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ချက်တင်းနစ်မယ် ကီတိုဗာနှင့် ရိုမေးနီးယားတင်းနစ်မယ် ဘီဂူးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကီတိုဗာက (၇-၅၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် တို့တွင် ဝင်ဘာယ်ဒန်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ဖူးသည့် ကီတိုဗာသည် ကလေးမွေးဖွားခဲ့ပြီးနောက် ၁၅ လတာကာလအတွင်း ပထမဆုံးနိုင်ပွဲကို ရရှိခဲ့ခြင်းဖြစ်သည်။

ကီတိုဗာသည် ကမ္ဘာ့အဆင့်(၂) နေရာထိ အမြင့်ဆုံးတက်လှမ်းခဲ့ဖူးသော တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ကလေးမွေးပြီးနောက် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်နိုင်ဖွယ်မရှိတော့ဟု မိမိကိုယ်မိမိ သုံးသပ်ထားကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကီတိုဗာက ကလေးမွေးဖွားပြီးနောက် ၎င်းအနေဖြင့် နိုင်ငံတကာအဆင့် တင်းနစ်ပြိုင်ပွဲသို့ ပြန်လည်ဝင်ရောက်နိုင်ဖွယ်မရှိကြောင်းလည်း မိသားစုဝင်များကို ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

မန်ယူအသင်း ယူရိုပါလိဂ်ဖလားရရှိပါက ကက်စ်မဲရိုး လုပ်ခလစာ ၂၅ ရာခိုင်နှုန်းထိ တိုးမြှင့်ရရှိမည်

မန်ချက်စတာ မေ ၇

မန်ယူအသင်း အနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင် ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်မည်ဆိုပါက ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးအနေဖြင့် လက်ရှိရရှိနေသည့် လုပ်ခလစာထက် ၂၅ ရာခိုင်နှုန်း တိုးမြှင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် စံချိန်တင်ရလဒ်များ ဆိုးရွားနေသော်လည်း ယူရိုပါလိဂ် ပြိုင်ပွဲတွင် ဆက်တိုက်ရလဒ်များ ကောင်းမွန်နေပြီး ဆီမီးဖိုင်နယ် အဆင့် ပထမအကျော့ပွဲစဉ်အထိ တစ်ပွဲမှ ရှုံးနိမ့်ခြင်းမရှိသေးဘဲ ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ရန် အလားအလာကောင်းမွန်လျက်ရှိသည်။

မန်ယူအသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဆိုပါက ၎င်း၏ စာချုပ်ပါ အချက်အလက်များအရ လက်ရှိရရှိနေသည့် လုပ်ခလစာထက် ၂၅ ရာခိုင်နှုန်းထိ ရရှိမည် ဖြစ်သည့်အတွက် တစ်ပတ်လုပ်ခ စတာလင် ပေါင် ၅၀၀၀၀ ထိ ရရှိမည် ဖြစ်သည်။

အသက် ၃၃ နှစ်ရှိ ကက်စ်မဲရိုးသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာ ပြဿနာများကြောင့် ရုန်းကန်ခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီ နည်းပြအာမိုရင်လက်အောက်တွင် ပုံစံကောင်း ပြန်လည် ပြသလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းနှင့် ကက်စ်မဲရိုးတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း မန်ယူအသင်းက နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် ကက်စ်မဲရိုးကို ရောင်းချသွားဖွယ်ရှိနေပြီး ဆော်ဒီထိပ်တန်းကလပ် အသင်းကြီးများက ပစ်မှတ်ထား နေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

ကြင်နာသောနှလုံးသားပိုင်ရှင်များ

ဘုန်းမောင်ဝင်း(ဗျာပုံ)

၂၀၂၅ ခုနှစ် မေ ၈ ရက်က ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်ပါတယ်။ ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို ၁၉၄၈ ခုနှစ်မှာ စတင်ကျင်းပခဲ့တာဖြစ်လို့ ယခုနှစ်ဆိုရင် ၇၇ နှစ်သို့ ရောက်ရှိပြီဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့နိုင်ငံအသီးသီးက မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ကျင်းပတာဖြစ်ပေမဲ့ အမှန်တကယ်တော့ ကြက်ခြေနီအသင်းအဖြစ်ပေါ်ထွန်းလာခဲ့တာကတော့ ၁၈၆၃ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ကမ္ဘာ့ကြက်ခြေနီသမိုင်းမှတ်တိုင်တွေကို ပြန်လည်လေ့လာကြည့်တဲ့အခါ ပထမဆုံးသိရှိရတဲ့အမည်ကတော့ ဟင်နရီဒူးနန့်ဖြစ်ပါတယ်။ ကြက်ခြေနီအစ ဟင်နရီဒူးနန့်ကလို့ မှတ်တမ်းတင်ထားပါတယ်။ ဟင်နရီဒူးနန့်ဟာ ကြက်ခြေနီရဲ့ဖခင်ကြီးလို့ဆိုနိုင်ပါတယ်။

ဟင်နရီဒူးနန့်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ၁၈၂၈ ခုနှစ် မေ ၈ ရက်မှာ မွေးဖွားခဲ့ပါတယ်။ သူဟာ အသက် ၃၄ နှစ်အရွယ်မှာ စီးပွားရေးကိစ္စရပ်နဲ့ နပိုလီယန်ကို တွေ့ဆုံဖို့သွားခဲ့ရာက ဆိုဖာရီနို့စစ်မြေပြင်ကို ရောက်ရှိသွားပါတယ်။ ဆိုဖာရီနို့စစ်မြေပြင်ဟာ အီတလီနိုင်ငံမြောက်ပိုင်း လွမ်ဘာဒီဒေသမှာရှိပါတယ်။ တတိယမြောက် နပိုလီယန်လက်အောက်ခံပြင်သစ်စစ်သားတွေနဲ့ ဒုတိယမြောက် ဆာဒီးနီယမ်ဘုရင် ဗစ်တာအီမြူရယ်ရဲ့စစ်သားတွေဟာ ၁၈၅၉ ခုနှစ် ဇွန် ၂၄ ရက်မှာ တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပါတယ်။ စစ်ပွဲမှာပါဝင်တဲ့ စစ်သားပေါင်းဟာ ၁၇၀၀၀၀ ရှိပါ တယ်။ သူတို့တွေဟာ ၁၅ နာရီကြာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်တိုက်ခိုက်ကြပါတယ်။ အဲဒီတိုက်ပွဲမှာ သေဆုံး၊ ဒဏ်ရာရသူစုစုပေါင်း ၄၀၀၀၀ ရှိခဲ့ပါတယ်။ ၁၉ ရာစုတွင် သွေးထွက်သံယိုမှု အများဆုံးစစ်ပွဲအဖြစ် မှတ်တမ်းတင်ထားပါတယ်။

၁၈၅၉ ခုနှစ် ဇွန် ၂၅ ရက် နေရောင်အောက်မှာတော့ အလွန်ရက်စက်ဖွယ်မြင်ကွင်းကို ဟင်နရီဒူးနန့်တွေ့မြင်ခဲ့ရပါတယ်။ စစ်မြေပြင်မှာလူသေနဲ့ မြင်းသေကောင်တွေ ပြန့်ကြဲနေပါတယ်။ ဆိုဖာရီနို့မြို့ရဲ့ အစွန်းဘက်လမ်းဘေး၊ ဝဲယာမှာရှိတဲ့ရေမြောင်းတွေ၊ လျှိုမြောင်တွေ၊ ချုံပုတ်တွေနဲ့ မြက်ခင်းတွေပေါ်မှာ အတုံးအရုံးနဲ့ သက်မဲ့ခန္ဓာတွေ မြင်မကောင်းအောင် ရှိနေပါတယ်။ ပတ်ဝန်းကျင်အနီးမှာတော့ သီးနှံခင်းတွေနဲ့ ဂျုံစိုက်ခင်းတွေ ပျက်စီးနေပါတယ်။ ခြံစည်းရိုးတွေကလဲ ချိုးဖျက်ခံထားရတာမို့ ပျက်စီးနေပါတယ်။ ရေအိုင်တွေမှာတော့ သွေးတွေနဲ့နီရဲနေပါတယ်။

အရောင်းအဝယ်ကိစ္စနဲ့ ခရီးသွားနေတဲ့ ဟင်နရီဒူးနန့်ဟာ မျှော်လင့်မထားဘဲ စစ်မြေပြင်ကို တွေ့မြင်လိုက်ရတဲ့အခါ အနီးအနားရွာတွေမှာရှိတဲ့ ရွာသားတွေကိုစည်းရုံးပါတယ်။ အိမ်တိုင်းမှာ ဒဏ်ရာရသူတွေကိုထားရှိပြီး တတ်အားသရွေ့ပြုစုပေးပါတယ်။ လူများရဲ့ ခြေလက်အင်္ဂါအစိတ်အပိုင်းတွေကို ဖြတ်တောက်ကုသဖို့ မတတ်နိုင်ပေမဲ့ အစာရေစာ ငတ်မွတ်နေတဲ့လူနာတွေအတွက် ရေနှင့်အစားအစာတွေကျွေးမွေးပါတယ်။ ဒဏ်ရာရသူတွေနဲ့လောက်တွယ်နေတဲ့ခန္ဓာကိုယ်ကို ဆေးကြောသုတ်သင်ကာ ဆေးထည့်ပေး၊ ပတ်တီးစည်းပေးခဲ့ကြပါတယ်။ ဟင်နရီဒူးနန့်ရဲ့ဦးဆောင်မှုနဲ့အတူ စစ်မြေပြင်မှာ ဒဏ်ရာရတဲ့လူနာတွေကို ကောင်းမွန်စွာပြုစုကုသခဲ့ကြပါတယ်။

စစ်ပွဲဆိုတာ ကမ္ဘာ့လူသားတို့အတွက် မလိုလားအပ်ဆုံးအရာဖြစ်ပါတယ်။ စစ်ပွဲတစ်ပွဲဖြစ်တာနဲ့ နှစ်ဖက်အသေအပျောက်ရှိပြီး ဖြစ်ပွားရာဒေသများလဲ ပျက်စီးမှုများစွာနဲ့ကြုံတွေ့ရပါတယ်။ ဆိုဖာ ရီနို့ စစ်မြေပြင်အကြောင်းဆိုတာ ဟင်နရီဒူးနန့်ကိုယ်တိုင် "မမေ့နိုင်သောဆိုဖာရီနို့" ဆိုပြီး ရေးသားခဲ့လို့ ယနေ့တိုင်သိရှိနိုင်တာဖြစ်ပါတယ်။ အဆိုပါစာအုပ်၏တစ်နေရာတွင် "မြေပြင်တွင်လက်နက်အပိုင်းအစများ၊ ကိရိယာအတိုအစများ၊ သွေးများ ပေကျံလျက်ရှိနေ၏။ ကံဆိုးရှာသူဒဏ်ရာရစစ်သားများမှာ စကားမပြောနိုင်ဘဲ အသားအရေဖြူဖပ်ဖြူရော်ဖြစ်ကာ ဝေဒနာခံစားနေကြ၏။ အချို့မှာ စိုးရိမ်လောက်အောင်ဖြစ်နေပြီး ငေါင်တောင်တောင်စူးစိုက်ကြည့်နေ၏။ ညှိုးငယ်သောမျက်လုံးများနှင့် ကူညီမည့်သူကိုစောင့်စားနေကြ၏။ အချို့သောသူတို့မှာ အာရုံကြောထိခိုက်ကာ စိုးရိမ်ရဖွယ်ရှိနေကြ၏။ အချို့မှာကွဲဟနေသော မီးလောင်ဒဏ်ရာများကြောင့် နာကျင်မှုဝေဒနာခံစားနေကြရ၏။ အားလုံးသောမသေမရှင်လူနာများသည်သေမင်းကိုစောင့်စားနေကြသည်"လို့ ဖော်ပြထားပါတယ်။

ဒီလိုအခြေအနေဆိုးတွေကြောင့်လဲ ဟင်နရီဒူးနန့်ဟာ ရွာသူ၊ ရွာသားတွေကိုစည်းရုံးပြီး လူနာတွေကို ပြုစုစောင့်ရှောက်ခဲ့တာဖြစ်ပါတယ်။ စစ်ပွဲမှာ သူနိုင်ကိုယ်နိုင် တိုက်ပွဲဝင်ခဲ့ကြသူတွေဟာ လူနာအဖြစ်နေကြရတဲ့အခါမှာတော့ အားလုံးဟာ ညီအစ်ကိုတွေလိုဖြစ်သွားကြပါတယ်။ ဒုက္ခရောက်သူချင်းတူညီကြပါတယ်။ ဟင်နရီဒူးနန့်အနေနဲ့လဲ မေတ္တာ၊ ကရုဏာထားကာ စေတနာအပြည့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူမျိုးမရွေး၊ ဘာသာမရွေး ပြုစုစောင့်ရှောက်တဲ့စိတ်ဓာတ်ဟာ ဆိုဖာရီနို့စစ်မြေပြင်က စတင်ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဟင်နရီဒူးနန့်ဟာ ဆိုဖာရီနို့စစ်မြေပြင်က ပြန်ရောက်တဲ့အခါမှာ "မမေ့နိုင်သောဆိုဖာရီနို့"စာအုပ်ကိုရေးသားခဲ့ပြီး နိုင်ငံတိုင်းရဲ့တပ်မတော်တွေမှာ ဆေးအဖွဲ့များထားရှိရေးကို စည်းရုံးလှုံ့ဆော်ခဲ့ပါတယ်။ ကြက်ခြေနီရဲ့ ကနဦးအဖွဲ့ဖြစ်တဲ့ ဂျီနီဗာလူကြီးလူကောင်းများအဖွဲ့မှာ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပါတယ်။ သူ့အနေနဲ့ကြက်ခြေနီလုပ်ငန်းတွေကို လုပ်နေရတဲ့အတွက် ကိုယ်ပိုင်စီးပွားရေး ပစ်ပယ်ခဲ့ရာမှ ဒေဝါလီခံရပြီး အညတရ ဘဝကိုရောက်ခဲ့ပါတယ်။ အနှစ် ၃၀ လုံးလုံးဆင်းရဲစွာနေထိုင်ခဲ့ပြီး အသက် ၈၂ နှစ်အရွယ် ၁၉၁၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်မှာကွယ်လွန်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ကို ၁၈၆၃ ခုနှစ် အောက်တိုဘာဂျီနီဗာ ပြုလုပ်တဲ့အစည်းအဝေးအပြီး နှစ်လအကြာမှာ ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အသင်းရဲ့ရည်ရွယ်ချက်က ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက် အောင်မြင်ဖို့အတွက် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါတားဆီးရန်၊ ဘေးဒုက္ခရောက်သူများကို ကူညီရန်ဆိုတဲ့လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်နေပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ လူကြောင့်ဖြစ်တဲ့ဘေး၊ သဘာဝကြောင့်ဖြစ်တဲ့ဘေးတွေနဲ့ ကြုံရလေတိုင်း တပ်မတော်ကဲ့သို့ အစဉ်အမြဲရှိနေတဲ့အသင်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းလဲ ပါဝင်ပါတယ်။

ကြက်ခြေနီနဲ့ လခြမ်းနီလှုပ်ရှားမှုမှာ အခြေခံမူ ခုနစ်ချက်ရှိပါတယ်။ အဲဒါတွေကတော့ လူသားချင်းစာနာထောက်ထားခြင်း၊ ကြားနေခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း၊ ခွဲခြားမှုမရှိခြင်း၊ လွတ်လပ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ပဲဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လူမှုဒုက္ခများကိုတားဆီးရန်နှင့် ကြုံတွေ့ရပါကလဲ လျှော့နည်းသက်သာစေရန် ဆောင်ရွက်နေပါတယ်။ စစ်ပွဲများမှာလည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေး အငြင်းပွားမှုများမှာ ဘက်လိုက်မှုမရှိဘဲ ကြားနေပါတယ်။

ကူညီကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးလုပ်ငန်းတွေလုပ်ဆောင်ရာမှာ အကျိုးအမြတ်ရရှိရေးကို အလျှဉ်းမျှော်ကိုးခြင်းမရှိဘဲ စေတနာ့ဝန်ထမ်းပါဝင်လှုပ်ရှားဆောင်ရွက်ကြပါတယ်။ ဒီလိုမျိုးလုပ်ဆောင်ချက်တွေဟာ ကမ္ဘာတစ်ဝန်းလှုပ်ရှားဆောင်ရွက်တဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ တစ်ဦးချင်းစီရဲ့ဆင်းရဲဒုက္ခနည်းပါးသက်သာစေဖို့ ဆောင်ရွက်ရာမှာ နိုင်ငံသား၊ လူမျိုး၊ ဘာသာရေး၊ ယုံကြည်မှု၊ လူတန်းစား၊ နိုင်ငံရေး ခံယူချက်တွေနဲ့ပတ်သက်လို့ ခွဲခြားမှုမရှိပါဘူး။ အားလုံးအပေါ်မှာ လူသားဆိုတဲ့အမြင်နဲ့ဆောင်ရွက်ကြပါတယ်။ ကြက်ခြေနီများရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများမှာ အစိုးရရဲ့ အရန်အင်အားသဖွယ်ဆောင်ရွက်ပြီး နိုင်ငံရဲ့ဥပဒေများကို လေးစားလိုက်နာခြင်းမှလွဲလို့ လွတ်လပ်စွာလုပ်ဆောင်ခွင့်ရှိပါတယ်။ မည်သည့်အဖွဲ့အစည်းမဆိုအရေးကြီးဆုံးမှာ စည်းလုံးညီညွတ်ခြင်းရှိနေဖို့ပဲဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုနဲ့လူတိုင်းပါဝင်ဆောင်ရွက်နိုင်တဲ့အဖွဲ့အစည်းဟာ ကြက်ခြေနီနဲ့လခြမ်းနီအဖွဲ့တွေပဲဖြစ်ပါတယ်။ ကြက်ခြေနီ လုပ်ငန်းများအတွက် အထူးအရေးကြီးတာကတော့ နိုင်ငံရေးကိစ္စတွေ ပါဝင်ပတ်သက်ခြင်းမရှိအောင် သတိထားကြရမှာဖြစ်ပါတယ်။

ပါတီနိုင်ငံရေးကိစ္စကြောင့် အဖွဲ့ဝင်အချင်းချင်း စိတ်သဘောကွဲလွဲတဲ့အခါ လုပ်ငန်းဆောင်တာတွေမှာ အားနည်းတတ်ပါတယ်။ အမှန်တကယ်တော့ ကြက်ခြေနီတပ်ဖွဲ့ကို ဝင်ရောက်ကာ လူမှုကရုဏာ လုပ်ငန်းတွေဆောင်ရွက်နေသူတွေဟာ စိတ်ထားဖြူစင်ရိုးသားသူတွေဖြစ်ပါတယ်။ သူတို့တွေရဲ့ စိတ်ကို အရောင်မဆိုးမိစေဖို့ သတိပြုကြရမှာဖြစ်ပါတယ်။ ကြက်ခြေနီတွေရဲ့ရိုးသားစွာကူညီမှုအပေါ် အကူညီခံရသူတွေအနေနဲ့ အပြန်အလှန်လေးစားရန်လိုပါတယ်။ ကြက်ခြေနီတပ်ဖွဲ့များကို မြန်မာတစ်နိုင်ငံလုံး တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ ဖွဲ့စည်းထားပြီး လူပေါင်းစုံကိုကိုယ်စားပြုတဲ့ အသင်းအဖွဲ့ဖြစ်ပါတယ်။ ကြက်ခြေနီလှုပ်ရှားသူအားလုံးမှာ တူညီသောရည်ရွယ်ချက်၊ သင်္ကေတနှင့်အခြေခံမူများ ရှိထားပြီးဖြစ်ပါတယ်။

ဒီနေရာမှာ ကြက်ခြေနီအမှတ်အသားပေါ်ပေါက်လာပုံနဲ့အသုံးပြုပုံကိုတင်ပြလိုပါတယ်။ စစ်မြေပြင်မှာ စေတနာ့ဝန်ထမ်းသူနာပြုတွေဟာ လူနာတွေကိုပြုစုစောင့်ရှောက်ရာမှာ မည်သည့်ဖက်မှ မလိုက်ကြောင်းသိရှိရန်၊ ထင်ရှားပြီးကြားနေအမှတ်အသားတစ်ခုသတ်မှတ်ခဲ့ပါတယ်။ အဒီအမှတ်အသားဟာ ရှင်းလင်းပြတ်သားပြီး အဝေးမှမြင်လျှင် သိနိုင်ရမည့်အပြင် ရန်သူမိတ်ဆွေမခွဲခြားသည့် သဘောသက်ရောက်တဲ့ အမှတ်အသားဖြစ်ရန်လိုပါတယ်။ ဒဲ့ကြောင့်အဖြူရောင်အောက်ခံပေါ်မှာ အနီရောင် ကြက်ခြေခတ်အမှတ်အသားပါတဲ့ လက်ပတ်ကို ရွေးချယ်ခဲ့ကြပါတယ်။

ကြက်ခြေနီအမှတ်အသားမှာ မြင်ရသူတိုင်း၏ ရင်ကိုအေးမြစေပါတယ်။ စစ်ပွဲများမှာကြက်ခြေနီ အလံလွှင့်ထားသောဆေးရုံများနှင့် ယာဉ်များကို ပစ်ခတ်တိုက်ခတ်ခြင်းမပြုကြရပေ။ ကြက်ခြေနီ အမှတ်တံဆိပ်တပ်ဆင်ထားသူများကိုလည်း ပစ်ခတ်တိုက်ခြင်းမပြုကြရပေ၊ ကြက်ခြေနီတပ်ဖွဲ့၏ ရည်မှန်းချက်မှာ စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများကို အရေးပေါ်ကူညီကုသမှုပေးရန်ဖြစ်ပါတယ်။ ကြက်ခြေနီ၏အခြေခံမှာ ရှေးဦးသူနာပြုစုနည်းဖြစ်ပါတယ်။ ရှေးဦးသူနာပြုစုနည်းကို စတင်တီထွင်သူမှာ ဂျာမန်တပ်မတော်၏ဆေးမှူးချုပ်ဖြစ်သူ ဒေါက်တာအက်စ်မတ်ချ်ဖြစ်ပါတယ်။ ၎င်းအနေနဲ့စစ်မြေပြင်မှ တွေ့ရှိချက်များကိုအခြေပြုကာ ထိခိုက်ဒဏ်ရာများအတွက် ရှေးဦးသူနာပြုစုခြင်းနှင့် စစ်မြေပြင်မှရှေးဦးသူနာပြုစုနည်းစာအုပ်နှစ်အုပ်ကို ရေးသားပြုစုခဲ့ပါတယ်။

မေလ ၈ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် နိုင်ငံတိုင်းတွင်ကျင်းပနေပါတယ်။ ကြက်ခြေနီနေ့ဖြစ်ပေါ်ခြင်းဟာ ဟင်နရီဒူးနန့်ကစခဲ့တာမို့ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းတွေကို စွမ်းစွမ်းတမံဆောင်ရွက်တဲ့သူတွေကို ဂုဏ်ပြုချီးမြှင့်တဲ့အခါ ဟင်နရီဒူးနန့်ဆုတံဆိပ်ကို ဩစတြေးလျ ကြက်ခြေနီအသင်းမှအဆိုပြုခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှစတင်ကာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီမှ ဟင်နရီဒူးနန့်ဆုတံဆိပ်ကို စတင်ချီးမြှင့်ခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်မှာ မြန်မာနိုင်ငံမှ စိုင်းအောင်လှိုင်မြင့်ဟာ ကချင်ပြည်နယ် ဝိုင်းမော်မြို့ ဧရာဝတီမြစ်အတွင်းနစ်မြုပ်သွားသော စစ်ထရပ်ကားယာဉ်မောင်းရဲဘော်ကို ရေငုပ်၍ သက်စွန့်ဆံဖျားအသက်ကယ်ခဲ့တယ်။ ဒါကြောင့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ အမြင့်ဆုံးဆုဖြစ်သော ဟင်နရီဒူးနန့်ဆုတံဆိပ်ကိုရရှိခဲ့ပါတယ်။ အမှန်တကယ်တော့ ကြက်ခြေနီ လုပ်ငန်းတွေဟာ ဖြူစင်တဲ့နှလုံးသားရှိသူတွေရဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒဲ့ကြောင့် ၂၀၂၅ ခုနှစ် မေလ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့မှာ ဖြူစင်တဲ့နှလုံးသားပိုင်ရှင်တွေကိုဂုဏ်ပြုပါကြောင်းနဲ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးလဲ ပိုမိုအောင်မြင်ပါစေကြောင်း ဆုမွန်တောင်းလိုက်ပါတယ်။

ကိုးကား

– မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ စိန်ရတု အထိမ်းအမှတ်မဂ္ဂဇင်း(၁၉၃၉–၂၀၁၄)

ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပံ့ပိုးပေးမည့်အစီအစဉ်အတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပံ့ပိုးပေးမည့်အစီအစဉ်အတွက် ရုပ်ရှင်လောကသားများနှင့် စေတနာရှင်များက အလှူငွေများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက် လှူဒါန်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ပံ့ပိုးပေးနိုင်ရန်အတွက် ကျောင်းနေအရွယ် သားသမီးရှိသူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများအနေဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်နောက်ဆုံးထားကာ အသင်းဝင်ကတ်ပြား မိတ္ထူ၊ အိမ်ထောင်စုဇယားမိတ္ထူ၊ သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ထောက်ခံချက်မူရင်းများဖြင့် ဆက်သွယ်လျှောက်ထားရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

"ဒီနှစ်ဇွန်လထဲမှာ ကျောင်းနေအရွယ် ကလေးတွေရှိနေတဲ့ ရုပ်ရှင်လောကသား ကျောင်းသားမိဘတွေကို ကူညီပံ့ပိုးပေးဖို့အစီအစဉ်တွေ လုပ်ဆောင်လျက်ရှိပါတယ်။ အစည်းအရုံးနဲ့အတူ အလှူရှင်၊ စေတနာရှင်တွေ ပူးပေါင်းပါဝင်မှုနဲ့ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ ဘောပင် စသဖြင့်စုံစုံလင်လင် ပံ့ပိုးပေးသွားဖို့ ရှိပါတယ်။ လက်ရှိမှာလဲ ရုပ်ရှင်လောကသားတွေ၊ ရုပ်ရှင်ကုမ္ပဏီကြီးတွေက လာရောက် လှူဒါန်းလျက်ရှိပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

လက်ရှိတွင် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပံ့ပိုးပေးမည့်အစီအစဉ်အတွက် သရုပ်ဆောင် ခန့်စည်သူက အလှူငွေကျပ် ငါးသိန်း၊ဆောင်းယွန်းစံက အလှူငွေကျပ် ငါးသိန်း၊ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးမှ အလှူငွေကျပ် ငါးသိန်းနှင့် စိန်ဌေးရုပ်ရှင်ထုတ်လုပ်ရေးက ရေဘူး ၁၀ဖဲ ဘူး လာရောက်လှူဒါန်းထားကြောင်း သိရသည်။ ASH

American Psycho ဇာတ်ကားသစ်၌ ထပ်မံပါဝင်နိုင်ရန် ခလိုးဆီဗစ်ဂနီ ဆန္ဒရှိနေ

နယူးယောက် မေ ၇

ဒါရိုက်တာ လူကာ ဂွါဒါနီနို၏ American Psycho ရုပ်ရှင်ဇာတ်ကားသစ်၌ ထပ်မံပါဝင်သရုပ်ဆောင်ရန် မင်းသမီးခလိုးဆီဗစ်ဂနီက ဆန္ဒရှိနေကြောင်း မေ ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

မင်းသမီး ခလိုးဆီဗစ်ဂနီသည် ဒါရိုက်တာ မာရီဟာရွန်ရိုက်ကူးခဲ့သော American Psycho(2000) ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ဒါရိုက်တာလူကာ ဂွါဒါနီနိုသည် American Psycho ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ပြင်ဆင်လျက်ရှိရာ ၎င်းဇာတ်ကား၌ ထပ်မံပါဝင်နိုင်ရန် ခလိုးဆီဗစ်ဂနီက လိုလားနေခြင်းဖြစ်ကြောင်း သိရသည်။

မူလ American Psycho ဇာတ်ကားတွင် မင်းသမီး ခလိုးဆီဗစ်ဂနီသည် မင်းသား ခရစ္စတီယန် ဘေးနှင့်အတူ သရုပ်ဆောင်ခဲ့သည်။

လက်ရှိတွင် ဒါရိုက်တာလူကာ ဂွါဒါနီနိုသည် American Psycho ဇာတ်ကားသစ်အတွက် သရုပ်ဆောင်များ ရှာဖွေနေဆဲဖြစ်သည်။

အဆိုပါဇာတ်ကားကို အမေကန်စာရေးဆရာ အက်စတန် အဲလ်လစ်၏ American Psycho ဝတ္ထုကိုပင် အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

၇၂ ကြိမ်မြောက် Miss World ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အလှမယ် ခီဆာခင် ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၇

အိန္ဒိယနိုင်ငံ တီလန်ဂါပြည်နယ်တွင် ကျင်းပမည့် ၇၂ ကြိမ်မြောက် Miss World ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြု အလှမယ်အဖြစ် Miss World Myanmar အလှမယ်

ခီဆာခင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကိုယ်စားပြုအလှမယ် ခီဆာခင်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် Miss Tourism International 2023 ပြိုင်ပွဲတွင်လည်း နိုင်ငံပေါင်း ၅၀ ကျော်က အလှမယ်များနှင့်အတူ မြန်မာနိုင်ငံ ကိုယ်စားပြု အလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၂၀၂၃ ခုနှစ်က ကျင်းပခဲ့သည့် Miss Earth Myanmar 2023 ပြိုင်ပွဲတွင်လည်း Miss Earth Land Myanmar 2023 Winner နှင့် The Best of Speak Out Award ဆုကို ရရှိထားသူဖြစ်ကြောင်း သိရသည်။

"ဒီနှစ် Miss World ပြိုင်ပွဲမှာ ခီဆာခင်က အသက်အငယ်ဆုံး ဖြစ်ပါတယ်။ အရမ်းတာဝန်ကြီးပေမဲ့ မြန်မာနိုင်ငံအတွက် အကောင်းဆုံးကြိုးစားသွားမှာပါ။ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်း၊ ယဉ်ကျေးမှုအားလုံးကို ချပြသွားမှာပါ"ဟု အလှမယ် ခီဆာခင်က ပြောပြသည်။

အလှမယ် ခီဆာခင်သည် Radiance Event Production စီစဉ်မှုဖြင့် အချိန်နှစ်လအတွင်း ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ပြီးဖြစ်ကာ ကရာတေးအားကစားနှင့်တွဲဖက်ပြီး Talent တစ်ခုအပြင် မြန်မာရိုးရာသမိုင်းကြောင်းများကို ဖော်ထုတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အလှမယ် ခီဆာခင်သည် မေ ၆ ရက်ညနေပိုင်းတွင် ပြိုင်ပွဲဝင်ရောက်ရန် မြန်မာနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားပြီ ဖြစ်ကြောင်း သိရသည်။ ASH

မာဗယ်၏ Thunderbolts ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၁၆၂ သန်းကျော်ရရှိ

နယူးယောက် မေ ၇

မာဗယ်စတူဒီယို၏ Thunderbolts ဇာတ်ကား၏ ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန် ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၆၂ သန်းကျော်ထိရှိခဲ့ကြောင်း မေ ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

Thunderbolts ဇာတ်ကားသည် ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဆုံးချိန် မေ ၅ ရက်တွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇၆ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၁ သန်းထိ ရရှိထားကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Thunderbolts ဇာတ်ကားကို မေ ၂ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Thunderbolts ဇာတ်ကားကို ဒါရိုက်တာဂျိတ်ရှရိုင်ရာက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသမီး ဖလောရင့်ပက်နှင့် မင်းသားဆီဘက်ရှန်တို့ ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။

Thunderbolts ဇာတ်ကားသည် မာဗယ်ရုပ်ပြများထဲမှ လူသိနည်းသည့် ဇာတ်ကောင်များကို အခြေခံရိုက်ကူးထားသည့် စူပါဟီးရိုးဇာတ်ကားဖြစ်သော်လည်း ဝင်ငွေမှာ မျှော်လင့်ထားသည်ထက် ပိုကောင်းနေကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရေးအတွက် မာဗယ်စတူဒီယိုသည် အမေရိကန်ဒေါ်လာ သန်း ၁၈၀ ထိ သုံးစွဲထားရကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ဆရာ့ဆရာကြီးရုပ်ရှင်ဇာတ်ကားကို မေ ၉ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းရုံတင်ပြသမည်

ရန်ကုန် မေ ၇

ဆရာ့ဆရာကြီး ရုပ်ရှင်ဇာတ်ကားကို မေ ၉ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် Red Carpet Show ကို မေ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆရာ့ဆရာကြီး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်ကရေးဖွဲ့ထားပြီး သက်ဦးမောင်နှင့် လူညီချောက ဇာတ်ညွှန်းရေးသားထားကာ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာအကယ်ဒမီ ကိုဇော်(အရုဏ်ဦး)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ထူးအောင်နဲ့အတူတွဲပြီး ရိုက်ကူးခွင့်ရတဲ့ ဇာတ်ကားလို့ ပြောလို့ရပါတယ်။ အရင်ထဲက အတူတွဲရိုက်ချင်ခဲ့တဲ့ ဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားက ရိုက်ကူးချိန်မှာ တော်တော်လေးကို ရိုက်ကွင်းပေါ်မှာပျော်စရာကောင်းသလို အမှတ်တရတွေလဲ ဖြစ်ရပါတယ်"ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။

အဆိုပါ ဆရာ့ဆရာကြီး ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ဝင်တေးသီချင်းကို တေးရေး စိုးကြီးကရေးသားပြီး တေးဆို Dယန်နှင့်ဖြိုးသီဟတို့က သီဆိုပေးထားကြောင်း၊ သရုပ်ဆောင်များအဖြစ် မိုးဒီ၊ ခင်လှိုင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ ခြူးလေး၊ နော်ဖော အယ်ထား စသည့်အနုပညာရှင်များလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

High-level Myanmar delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing arrives in Russian Federation to attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945)

Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, being seen off at Nay Pyi Taw Tatmadaw Airport.

Nay Pyi Taw May 7

At the invitation of President of the Russian Federation Mr. Vladimir Putin, a high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, left Nay Pyi Taw Tatmadaw Airport by special flight this morning to attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) to be held in Russian Federation.

The high-level Myanmar delegation led by the Senior General and wife was seen off at the airport by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife, Daw Than Than Nwe, SAC Secretary General Aung Lin Dway and wife, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, and officials of the Embassy and Military Attache Office of the Russian Federation.

Senior General and wife were accompanied by members of the delegation, Joint SAC Secretary General Ye Win Oo and wife, Deputy Prime Minister and Union Minister for Defence General Maung Maung Aye, Dr Ba Shwe and Khun San Lwin, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, senior military officers from Office of Commander-in-Chief, deputy ministers, military and civilian officials.

During the visit, the Senior General will attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) and relevant events, hold exclusive talks with the dignitaries who will attend the events and work toward strengthening of strategic cooperation in economic, security and multiple sectors between the two countries and the two peoples.

Similarly, wife of the Senior General Daw Kyu Kyu Hla will hold talks with Speaker of the Federation Council of the Federal Assembly of the Russian Federation Mrs. Valentina Matvienko and Chairperson of the Russian Chapter of the BRICS Women's Business Alliance Ms. Anna Nesterova.

On arrival at Vnukovo International Airport in Moscow at local time afternoon, the Senior General and delegation were warmly welcomed by Deputy Foreign Affairs Minister of Russia Mr. Andrey Rudenko and officials, Myanmar Ambassador to Russia U Thit Lin Ohn and Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo.

The welcoming ceremony was flanked by the Guard of Honour of Russian Federation all along the State-level occasion. 100

Russian officials accord a red-carpet welcome to Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla.

Canadian PM says talks with Trump constructive despite no tariffs lifting

Ottawa May 7

Canadian Prime Minister Mark Carney said Tuesday he had wide-ranging and constructive discussions with U.S. President Donald Trump in the White House, although the two leaders disagreed on tariffs lifting and the "51st state," according to the live broadcast of CBC News.

Giving a post-meeting news conference in Washington, D.C., Carney said that he and Trump agreed to have further conversations in the coming weeks and meet again in person at the G7 summit in Kananaskis, Alberta.

Carney said he told Trump it's "not useful" to repeat the 51st state idea, adding that Trump is the president who is going to say whatever he wants. "He understands that we are having a negotiation between sovereign nations," said Carney.

Responding to the question if he is heading back to Ottawa with any tangible progress on ending the trade war, Carney said they had some very specific things to follow up on and build out from that.

"These are the discussions you have when you're looking to find solutions," he said.

While Trump made it clear that the tariffs, especially those on the auto sector, would stay in place, Carney said, "We'll see."

Xinhua

At least 17 Palestinians killed in Israeli attack on school-turned shelter in Gaza

Gaza May 7

At least 17 Palestinians, including women and children, were killed on Tuesday when an Israeli airstrike hit a school sheltering displaced people east of the Bureij refugee camp in central Gaza, Palestinian Civil Defense said.

Photos from the scene showed the bodies of young girls among the dead. Civil Defense spokesperson Mahmoud Basal told Xinhua that rescue teams were still searching the rubble, with entire families feared trapped beneath the debris.

Eyewitnesses said the airstrike struck without any warnings, destroying parts of the school and sending panic through the displaced people inside. Victims' bodies were scattered by the force of the explosion, they said, as smoke rose from the site and residents screamed for help.

Khalil Al-Daqran, a spokesperson for Al-Aqsa Martyrs Hospital in central Gaza, said most of the injured arriving at the facility were in critical condition. "The situation at the hospital is catastrophic," he said, warning that the death toll could rise as more victims remain under the rubble.

Israeli military spokesperson Avichay Adraee confirmed the airstrike, saying Israeli forces had targeted a Hamas command and control compound in central Gaza. In a statement, he said the facility was being used by militants to plan attacks and store weapons.

Xinhua

Merchants supply 70,000 baskets of 75-day paddy to Yangon market in April

Harvested paddy spread on the ground for sunlight.

Pantanaw May 7

Businesspersons from Pantanaw Township of Ayeyawady Region sent 70,000 baskets of 75-day paddy to Yangon market in April, said Daw Myint Myint, the owner of rice and paddy trading in Pantanaw Township.

During the past month of April, paddy traders from Pantanaw Township were able to sell up to 70,000 baskets of the 75-day paddy variety to the Yangon market. In March, only up to 55,000 baskets had been sold.

"In the past month alone, we exported and sold up to 70,000 baskets of the 75-day paddy to the Yangon market. From our side, we primarily export paddy, rice, and other agricultural produce to Yangon. The demand from the Yangon market was strong, which led to the increase in exports," said Daw Myint Myint, a rice and paddy trader from Pantanaw Township.

"Currently, paddy prices are still rising. There's continued demand from the Yangon market for the 75-day paddy variety this month as well. Compared to other types of paddy, the 75-day variety has seen higher trading volume both last month and recently," she added.

In April of this year alone, the 75-day paddy variety exported from Pantanaw Township to Yangon fetched prices of up to K1.54 million per 100 baskets. With the improvement in paddy sales, farmers, traders, laborers involved in loading and unloading, and truck rental businesses have all gained employment opportunities.

Kyaw Kyaw Lin

Farmers complete harvest of Bocade pea in Myaungmya Township

Myaungmya May 7

A total of 4,718 acres of Bocade pea has been harvested in Myaungmya Township of Ayeyawady Region, said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

During the winter crop season, a total of 4,718 acres of Bocade pea were successfully cultivated in Myaungmya Township. It has been reported that all the Bocade peas planted across the 4,718 acres have now been fully harvested. The yield reached up to 18.15 baskets per acre.

"In the winter crop season, a total of 4,718 acres of Bocade pea were planted. In some areas, high-quality, pure seeds were chosen for cultivation. The Department of Agriculture provided agricultural techniques to ensure that farmers could grow winter crops without difficulties. To ensure pest-free crops and high yields, the department also collaborated with local farmers," said Daw Khin Htay Myint.

She added: "At a time when fertilizer and pesticide prices are rising, technical training has been provided to help farmers use these inputs systematically and avoid unnecessary usage."

In Myaungmya Township, the Department of Agriculture is continuing efforts to ensure systematic cultivation of Bocade peas across the designated 4,718 acres. Agricultural staff make field trips to the farmlands, providing guidance on good agricultural practices to improve crop yield and quality, and ensuring protection against pests and diseases through on-site field visits and educational outreach programmes.

Kyaw Kyaw Lin

Farmers harvesting Bocade pea in a field.

More than 7,000 acres of sunflower reaped in Monywa Township

Monywa May 7

Local farmers have reaped 7,843 acres of sunflower planted in cold season in Monywa Township of Sagaing Region, according to the township agriculture department.

In Monywa Township, during the winter crop growing season, sunflower crops were cultivated on up to 7,843 acres. It is reported that harvesting of these sunflower fields began in January this year and has been fully completed as of today, with a yield of 24.53 baskets per acre.

"The total area of sunflower cultivation in Monywa Township during the winter crop season reached 7,843 acres. At present, all of these fields have been fully harvested. We've managed to cultivate more than the initially projected acreage. In order to reduce the import of palm oil from abroad, we are expanding the cultivation of oil-producing crops like sunflower. Sunflowers yield more oil per acre compared to other oil crops like groundnuts and sesame. Sunflowers are cultivated exclusively during the winter," said U Soe Thet Aung, Head of the Township Department of Agriculture.

To promote the expansion of sunflower cultivation in Monywa Township, the Township Department of Agriculture has been intensifying educational training programmes to enhance the capacity of both agricultural staff and farmers planning to grow sunflowers.

Township authorities have managed distribution of quality sunflower seeds to farmers and sales of urea fertilizer at fair price to farmers. Moreover, quality seeds of sunflower were exchanged among farmers to increase per-acre yield of crops. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Cultivation of pre-monsoon green gram completed in Shwebo Township

Shwebo May 7

According to Shwebo Township Agriculture Department, a total of 5,497 acres of pre-monsoon green gram has been cultivated in Shwebo Township of Sagaing Region.

In 2025-26 cold season cultivation period, local authorities earmarked 9,204 acres of pre-monsoon green gram in Shwebo Township but farmers planted5,497 acres of crops starting from April this year.

"This year, Shwebo Township has planned to cultivate over 9,000 acres of pre-monsoon green gram. As of today, more than 5,000 acres have already been cultivated. Efforts are ongoing to meet the full targeted acreage. Regarding green gram cultivation, there are educational programs encouraging expansion of cultivation and the use of quality and pure seeds to ensure good yields," said U Hsan Oo, the Head of the Shwebo Township Department of Agriculture.

In Shwebo Township, the Township Department of Agriculture raises farmer awareness to grow green gram farmers on using region-appropriate, high-quality, and pure seeds; correct farming methods; pest and disease prevention; proper use of fertilizers; and achieving good crop yields.

It is also reported that during this year's winter crop season, the department is working with farmers to ensure high yields and good quality of various pulses by providing quality seeds, necessary inputs, and post-harvest technologies. 206

A green gram plantation.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

Palladyne AI နှင့် Red Cat ကုမ္ပဏီက Multi-Drone အပြန်အလှန်အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

အမေရိကန်အခြေစိုက် Palladyne AI နှင့် Red Cat ကုမ္ပဏီတို့သည် Multi-Drone အပြန်အလှန် လုပ်ဆောင်နိုင်စွမ်းကို တိုးတက်စေရန် စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုတွင် Palladyne ကုမ္ပဏီမှ တီထွင်ဖန်တီးထားသော Pilot AI ဆော့ဖ်ဝဲလ်တပ်ဆင်ထားသော Red Cat ကုမ္ပဏီ ထုတ် Teal 2 နှင့် Black Widow ဒရုန်းများကို အသုံးပြုခဲ့သည်။

ဒရုန်းတစ်စင်းစီသည် ၎င်းတို့ကိုယ်ထည်ပေါ်ရှိဒေတာများကို စီမံဆောင်ရွက်ပြီး ဗဟိုထိန်းချုပ်မှုစနစ်မရှိဘဲ အကန့်အသတ်ရှိသော ဆက်သွယ်ရေးလင့်များကို အသုံးပြုကာ ဆက်သွယ်ဆောင်ရွက်ကြခြင်းဖြစ်သည်။ ဒရုန်းများသည် သီးခြားနေရာများတွင် လူများ၊ ယာဉ်များနှင့် အခြားရွှေ့လျားနေသော သို့မဟုတ် မြေပြင်အခြေစိုက် အရာဝတ္ထုများကို ရှာဖွေတွေ့ရှိပြီး နောက်မှလိုက်ကာ အော်ပရေတာတစ်ဦးက အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထောက်လှမ်းနိုင်စေမည်ဖြစ်သည်။

"တိုက်ပွဲဝင်သူများအတွက် စစ်ဆင်ရေးနယ်ပယ်အတွင်းရှိ စစ်ရေးစွမ်းအား အရင်းအမြစ်များကိုစီမံခန့်ခွဲရန် အော်ပရေတာအနည်းငယ်သာလိုအပ်မှာဖြစ်ပြီး ပိုမိုကောင်းမွန်သော အခြေအနေဆိုင်ရာ ကြိုတင်သိရှိနိုင်စွမ်းကို ပိုင်ဆိုင်နိုင်စေမည်ဖြစ်သည်"ဟု Red Cat ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် Geoff Hitchcock က ပြောကြားခဲ့သည်။

"ဤနောက်ဆုံးစမ်းသပ်မှုသည် များပြားလှသော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကိုယ်ပိုင်လုပ်ဆောင်နိုင်သည့် စနစ်များကို လက်တွေ့ကျကျ စစ်မြေပြင်ကာကွယ်ရေးအခြေအနေများတွင် ပိုမို ထိရောက်မှုဖြစ်စေရန်အတွက် အဓိပ္ပာယ်ရှိသော ခြေလှမ်းတစ်ခုဖြစ်သည်"ဟု Red Cat ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် Geoff Hitchcock က ပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် အဆိုပါကုမ္ပဏီနှစ်ခုသည် ဒရုန်းနှစ်စင်းကို အောင်မြင်စွာပျံသန်းနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် Palladyne AI ကုမ္ပဏီသည် Pilot AI ဆော့ဖ်ဝဲလ်ကို အသုံးပြု၍ မြေပြင်ပစ်မှတ်များကို အလိုအလျောက် သိရှိထောက်လှမ်းနိုင်ခြင်း၊ ဦးစားပေး ခွဲခြားဖော်ထုတ်နိုင်ခြင်းနှင့် ခြေရာခံထိန်းကျောင်းနိုင်ခြင်းတို့အတွက် Single-Drone ဖြင့် စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

Pilot AI ဆော့ဖ်ဝဲလ်စနစ်သည် အမျိုးမျိုးသော မောင်းသူမဲ့ယာဉ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်သော ပေါင်းစပ်ဆော့ဖ်ဝဲလ်တစ်ခုဖြစ်သည်။ မောင်းသူမဲ့လေယာဉ်နှင့် ဒရုန်းတစ်စင်းစီကို အော်ပရေတာများမှ ထိန်းချုပ်လုပ်ဆောင်မည့် အစား Pilot AI ဆော့ဖ်ဝဲလ်သည် မောင်းသူမဲ့လေယာဉ်များနှင့် ဒရုန်းများ၏ကိုယ်ထည်ပေါ်ရှိ အာရုံခံကိရိယာများကို အလိုအလျောက်အတူတကွ ပျံသန်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပစ်မှတ်သည် မြင်ကွင်းမှရွှေ့လျားသွားခြင်း သို့မဟုတ် ခေတ္တပိတ်ဆို့ထားခြင်းများ ရှိသော်လည်း အခြားဒရုန်း သို့မဟုတ် အာရုံခံကိရိယာသည် လူကိုယ်တိုင် ဝင်ရောက်စွက်ဖက်မှုမရှိဘဲ လမ်းကြောင်းကို ပြောင်းလဲပျံသန်းလုပ်ဆောင်နိုင်ကြောင်းသေချာစေရန် ၎င်းဆော့ဖ်ဝဲလ်သည် ဆက်သွယ်ရေးကွန်ရက်တစ်လျှောက် ခြေရာခံထိန်းကျောင်းခြင်း လုပ်ငန်းများကို ပံ့ပိုးပေးနိုင်စွမ်းရှိစေမည်ဖြစ်သည်။ သို့ဖြစ်၍ ယခုနည်းပညာသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းတို့ကို အာရုံစိုက်လုပ်ဆောင်သည့် လုပ်ငန်းစဉ်များအတွင်း ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဒရုန်းများ၏စွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Palladyne AI, Red Cat Complete Cross-Platform Multi-Drone Flight Test ကို ဘာသာပြန်ဆိုထားပါသည်။

စပိန်နိုင်ငံက ဂျာမနီကုမ္ပဏီမှ တာလတ်ပျံကင်းထောက်မောင်းသူမဲ့လေယာဉ်များ လက်ခံရရှိမည်

စပိန်နိုင်ငံသည် ဂျာမနီကုမ္ပဏီမှ တာလတ်ပျံ ကင်းထောက်မောင်းသူမဲ့လေယာဉ်များ လက်ခံရရှိမည်ဖြစ်ကြောင်း ဂျာမနီကုမ္ပဏီ Quantum Systems သည် စပိန်စစ်ဘက်ကို တာလတ်ပျံကင်းထောက်မောင်းသူမဲ့လေယာဉ်များပံ့ပိုးပေးရန် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟု The Defense Post သတင်းဌာနက မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ စပိန်နိုင်ငံသည် Vector ကင်းထောက်မောင်းသူမဲ့လေယာဉ် ၉၁ စင်း လက်ခံရရှိရန် စီစဉ်ထားသည်။ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းအစီအစဉ်တွင် အသုံးပြုနိုင်မည့် ဒရုန်း ၁၈၂ စင်း ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး စပိန်တပ်မတော်၏ တိုက်ပွဲဝင်ခံနိုင်ရည်စံနှုန်း၊ ယုံကြည်စိတ်ချရမှုနှင့် တာဝန်ထမ်းဆောင်နိုင်မှုတို့ကို အဆင့်မြှင့်တင်ရန်အတွက် အသုံးပြုသွားမည်ဖြစ်သည်။

ကင်းထောက်မောင်းသူမဲ့လေယာဉ်၏ ကနဦးတာဝန်များအားလုံးသည် စပိန်ကြည်းတပ်နှင့် စပိန်နိုင်ငံ မရိန်းခြေလျင်တပ်ရင်းတို့အောက်တွင် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် စပိန်လေတပ်သည် အလွန်တက်ကြွသော တာဝန်များအတွက် လေကြောင်းစွမ်းအား၏ တာတိုထောက်လှမ်းမှုစွမ်းရည်ကို အဆင့်မြှင့်တင်ရန်အတွက် ဝယ်ယူထားသော ဂျာမနီနိုင်ငံ Quantum Systems ကုမ္ပဏီထုတ် Twister ဒရုန်းများကို လက်ခံရရှိမည်ဖြစ်သည်။ သို့ဖြစ်၍ စပိန်နိုင်ငံသည် ဂျာမနီထံမှ ကင်းထောက်မောင်းသူမဲ့လေယာဉ်နှင့် Twister ဒရုန်းများကို ယခုနှစ်နှောင်းပိုင်းတွင် စတင်လက်ခံရရှိသွားရန်ရှိနေသည်။

တာလတ်ပျံသန်း စစ်ဆင်နိုင်သော ကင်းထောက်မောင်းသူမဲ့လေယာဉ်သည် ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖွဲ့စည်းအသုံးပြုနိုင်ပြီး လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက်အတက်အဆင်း ပြုလုပ်နိုင်သည့် eVTOL မောင်းသူမဲ့လေယာဉ်အမျိုးအစားဖြစ်ပြီး ၎င်းကို အလွယ်တကူအဆင့်မြှင့်တင်၍ ၎င်း၏စွမ်းဆောင်ရည်များနှင့် လုပ်ဆောင်နိုင်စွမ်းများကို ချဲ့ထွင်နိုင်စေမည်ဖြစ်သည်။

၎င်းတွင် အကွာအဝေးကီလိုမီတာ ၆၀ ကျော်လွန်၍ အမိန့်ပေးထိန်းချုပ်နိုင်မည်ဖြစ်ပြီး လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၃၅ မိနစ်ကြာ ပျံသန်းနေနိုင်ကာ အများဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ၁၈ ပေါင်ရှိသည်။ ၎င်းကို ဝယ်ယူအသုံးပြုလျက်ရှိသည့်နိုင်ငံများတွင် ဩစတြေးလျှ၊ နယူးဇီလန်နှင့် ယူကရိန်းတို့ပါဝင်ပြီး Global Navigation Satellite စနစ်ငြင်းဆိုထားသော ပတ်ဝန်းကျင်အခြေအနေများတွင် လုပ်ဆောင်နိုင်စေရန် ကင်းထောက် မောင်းသူမဲ့လေယာဉ်များအတွက် ပြုပြင်မွမ်းမံထားသော အာရုံခံစနစ်တစ်ခုကို ပြီးခဲ့သည့်နှစ်တွင် ထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်။

Twister ဒရုန်းသည် အချိန်နှင့်တစ်ပြေးညီ အခြေအနေဆိုင်ရာကြိုတင်သိရှိမှုအတွက် EO/IR အာရုံခံကိရိယာများကို အသုံးပြုထားကာ ၎င်း၏ eVTOL မောင်းသူမဲ့လေယာဉ် အင်္ဂါရပ်များဖြင့် ပုံဖျက်ဖုံးကွယ်ထားသည့် နေရာများနှင့် ကန့်သတ်ထားသောနေရာများမှ လျှို့ဝှက်စွာ ပစ်လွှတ်တပ်ဖြန့်အသုံးပြုနိုင်စေမည်ဖြစ်သည်။ ၎င်း Twister ဒရုန်းသည် over-the-air software အဆင့်မြှင့်တင်မှုများမှတစ်ဆင့် ၎င်း၏လည်ပတ်မှုစနစ်များကို အဆင့်မြှင့်တင်ပေးနိုင်ပြီး ထိပ်တန်းအဆင့်မြှင့်နည်းပညာများဖြင့် လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Spain to Receive UAVs From German Drone Firm ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ဘုတလင် မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဧန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၁၅၇၁ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်း မျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် မေ ၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငြေးငြေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငရုတ်သီးစိမ်းပိဿာချိန် ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငရုတ်သီးစိမ်းပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးစိမ်း ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသ လယ်ယာ ထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီး အတွင်းကနေ အခြားနယ်မြို့တွေအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူမှုများနေပါတယ်။ ရက်ရှည်အထားခံပြီး တစ်ဆင့် ပြန်လည်ရောင်းချ ရာမှာလဲ အဆင်ပြေပါတယ်'' ဟု ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငြေးငြေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်စိုက်ပျိုးသည့် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းနေခြင်းကြောင့် ငရုတ်စိုက်ပျိုးသူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ရေနံချောင်းမြို့နယ် ရှားတပင်ကျေးရွာ၌ သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းဖွင့်

ရေနံချောင်း မေ ၇

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ရှားတပင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာ ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို မေ ၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်မင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ရှားတပင်ကျေးရွာ၌ သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သင်တန်းသားများအနေဖြင့် သင်တန်းကသင်ကြားပို့ချပေးမည့် သင်ခန်းစာများကိုကြိုးစား သင်ယူမှတ်သားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများကို သဘာဝမြေဩဇာ ပြုလုပ်နည်းများ လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သဘာဝမြေဩဇာ ပြုလုပ်နည်းသင်တန်းသို့ ရှားတပင်ကျေးရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းကို မေ ၆ ရက်မှ မေ ၈ ရက်ထိ သုံးရက်ကြာစာတွေ၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းကပြောပြ၍ သိရသည်။

နော်လူး

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

မြိတ်မြို့နယ် စလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြိတ် မေ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ စလွန်းကျေးရွာနှင့် မင်းသန်းကျေးရွာတို့အတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက စလွန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်း အရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၅၅ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စလွန်းကျေးရွာနှင့် မင်းသန်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ်သိန်း ၄၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၈၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

ကိုညို

ဗလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က လျှောက်လမ်း၏ဘေးတစ်ဖက်တစ်ချက်စီတွင်ခြံရံ၍ နိုင်ငံတော်အဆင့်ကြိုဆိုစဉ်။

ရေ့ဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အတူကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒေါက်တာဘာရွှေနှင့် ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍာပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova တို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့မှလည်း လျှောက်လမ်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင်ခြံရံ၍ နိုင်ငံတော်အဆင့်ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ကြံတွေ့လာရသည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် Grade -12 စာမေးပွဲကြီးကို အောင်မြင်စွာဖြေဆိုပြီးမြောက်လိမ့်မည်ဟု ယုံကြည်

နေပြည်တော် မေ ၇

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ စဉ်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာ ဆရာ၊ ဆရာမများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်သည် မည်သူမျှမျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်ကြီးတစ်ခုဖြစ်ပါကြောင်း၊ ယင်းအခြေအနေကရုန်းထပြီး စာသင်ခန်းထဲသို့ရောက်ရှိလာသည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်နှင့် ယုံကြည်ချက်၊ မိဘများ၏ ဖေးမအားပေးမှု၊ ဆရာ၊ ဆရာမများ၏ အားကြိုးမာန်တက် သင်ပြသွန်သင်မှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ၏ စနစ်တကျစီမံဆောင်ရွက်ပေးမှုတို့ကို အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ယင်းကဲ့သို့ စိတ်ဓာတ်များဖြင့် ကြံတွေ့လာရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကြမည့် ကျောင်းသား၊ကျောင်းသူများအနေဖြင့် Grade –12 စာမေးပွဲကြီးကို အောင်မြင်စွာဖြေဆိုပြီးမြောက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊တိုင်းပြည်နှင့်လူမျိုး၊အမျိုးဘာသာသာသနာအတွက် အကျိုးပြုမည့်အနာဂတ်ခေါင်းဆောင်ငယ်များ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား၊ကျောင်းသူများစိတ်ချမ်းမြေ့စွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား၊ကျောင်းသူများ ရာနှုန်းပြည့်စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ၊ဆရာမများနှင့်အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့်စာမေးပွဲပြန်လည်ဖြေဆိုမည့်သူ ၉၄ ရာခိုင်နှုန်းထိရှိသည်ကို သိရပြီး ကျန်ရှိသည့် ခြောက်ရာခိုင်နှုန်းကိုလည်း စာမေးပွဲဖြေဆိုနိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးရန်မှာကြားသည်။

ယင်းနောက်မန္တလေးမြို့မစိုးရိမ်ကျောင်းတိုက်တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းတိုက်အခြေအနေတို့ကို သွားရောက်ကြည့်ရှုပြီး လှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တာဝန်ရှိသူများနှင့်ငလျင်ဘေးပြန်လည်ထူထောင်ရေး ကာလအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ် အခြေခံသင်တန်း(၁/၂၀၂၅)နှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်း(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသားစုစုပေါင်းဦးရေ ၈၀၀ ဖြင့် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ အတွင်း ဖွင့်လှစ်ပို့ချလျက်ရှိသည့် နေပြည်တော်စခန်းတန်းခွဲ(၁)နှင့် တန်းခွဲ(၂)သို့ သွားရောက်ခဲ့ပြီး သင်တန်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများ စာတွေ့၊လက်တွေ့သင်ကြားလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၇

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများ၊တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ် သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အခြေခံလေကြောင်းလူငယ် သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်မှ စတင်၍ ဖွင့်လှစ်လျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသားဦးရေ ၅၀ ကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား ၅၁ ဦးကိုလည်းကောင်း၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၄ ဦးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးကိုလည်းကောင်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးကို လည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံ သဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေးဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်၊ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုများကို တွေ့မြင်ရပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခ ဲ့ကြသည်။

ထို့အတူ မွန်ပြည်နယ် ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရွှေနတ်တောင်ရေလှောင်တမံ၌ ရေကြောင်းလူငယ်အခြေခံ၊တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သို့တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသားများကို ရေကြောင်းဆိုင်ရာ ဘာသာရပ်များဖြစ်သော အနောက်တိုင်း လေးယောက်လှော်လှေ (Tub Four) လေ့ကျင့်လှော်ခတ်ခြင်းနှင့် ရွက်လှေ(Optimoist Boat)အားလက်တွေ့ပို့ချ သင်ကြားနေမှုကိုလည်းကောင်း၊ မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/ ၂၀၂၅)သို့ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် လေကြောင်းလူငယ်သင်တန်းသားများအား လေကြောင်းဆိုင်ရာဘာသာရပ်များသင်ကြားပို့ချနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သင်တန်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းနည်းပြများနှင့်တွေ့ဆုံကာ သင်တန်းအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

၂၀၂၅ ခုနှစ် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများကို လေ့ကျင့်သင်ကြားပေးလျက်ရှိစဉ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နှစ် ၇၀၀ ပြည့် အားကစားခန်းမတွင် ရပ်ကွက် ခြောက်ခုမှ ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ရှင်ဖြူရှင်လှဘုရား၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးအောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးအောင်မြေသာစံမြို့နယ် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်း၌ အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP)အတိုင်း စစ်ဆေးနေမှုများကိုကြည့်ရှုအားပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ တံစိုး-မင်းစုသွားကားလမ်းပေါ်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ရှင်ဖြူရှင်လှဘုရားကြီးတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ် ၇၀၀ ပြည့်အားကစားခန်းမ၌ ရွှေမင်းဝံရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ပျူကံရပ်ကွက်၊ စီတီးရပ်ကွက်နှင့် မီးရထားရပ်ကွက်တို့ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ငလျင်ဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ မိုးကာ၊ ဓား၊ မျက်နှာသစ်တဘက်နှင့် ကော်ပုံး စုစုပေါင်း ၁၆ မျိုး၊ အာဆီယံလူသားချင်း စာနာထောက်ထားမှုကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဘာရှုနိုင်းနိုင်ငံက တစ်ကိုယ်ရေသုံးပစ္စည်းတို့ကို ထောက်ပံ့ပေးဝေနေမှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက်ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ ကြည့်ရှုရှု၍ လိုအပ်သည်များ မှာကြားကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျ ရှိစေရေးတို့ကို စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးအောင်မြေသာစံမြို့နယ် ၁၆ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော ခိုင်သဇင်တစ်ထပ်စာသင်ဆောင်များ၊ ခိုင်ရွှေဝါတစ်ထပ်စာသင်ဆောင်များ၊ ကံ့ကော်သုံးထပ်စာသင်ဆောင်၊ နဝရတ်ဆောင်ရှိ မြတ်စေတနာခန်းမ၊ ကျောင်းစာကြည့်တိုက်နှင့် စတိုဆောင်များအား အသိအမှတ်ပြု လက်မှတ်ရအင်ဂျင်နီယာ (PE) အဖွဲ့များက (SOP)အတိုင်းစစ်ဆေးနေမှုများ၊ Level-1 အဆင့်စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့် အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကို လိုက်လံကြည့်ရှု၍ ဆရာ၊ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ကျောင်းရှိ ထွန်းသစ္စာနှစ်ထပ်ကျောင်းဆောင်၌ Grade-12 Camp (လေ့ကျင့်ရေးစခန်း) ဖွင့်လှစ်ထားရှိသည့် အခြေအနေများ၊ ကျောင်းရှိငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မြစန္ဒာ၊ မြသီတာ၊ မြရော၊ မိဘမေတ္တာ၊ သီရိနှင့် မြရတနာနှစ်ထပ်စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံး၊ ဌေးသန်းမြင့်ခန်းမ၊ သိပ္ပံလက်တွေ့စမ်းသပ်ခန်း၊ ရေသန့်စက်၊ ရေစင်နေရာများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP)အတိုင်းစစ်ဆေးနေမှုများနှင့် Level-1 အဆင့်စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့် အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကို လိုက်လံကြည့်ရှု၍ ဆရာ၊ဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ၦင်းနောက်၂၆လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အားပေး၍ တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ(PE) အဖွဲ့များက (SOP) အတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့်အဆောက်အအုံများကို ဦးစားပေး အဆင့်အလိုက်ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးနှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများကို

စာမျက်နှာ ၁၉ သို့

☆ **ကျောဖုံးမှအဆက်**

ဝင်ရောက်ခဲ့သည်။

"ပင်လယ်ပြင်ကရတဲ့ပုစွန်ထဲမှာ တိုက်ဂါးပုစွန်ဟာ ပြည်ပဈေးကွက်မှာ ဈေးကောင်းရရှိတဲ့ ရေထွက်ကုန်ဆိုရင်လည်း မမှားပါဘူး။ ပြည်တွင်းမှာ တော့မရောင်းဘူး။ စက်လှေကချရင် ဒိုင်တွေက ကီလိုဈေးနဲ့ ဝယ်ပြီး ပြည်ပကို ပို့ဖို့ပိသာပြန်ဖွဲ့ပြီးတော့ တစ်ပိသာကို ကျပ်နှစ်သိန်းနီးပါးဈေးနဲ့ တင်ပို့ပါတယ်။ ပုစွန်အဝင်များပြီး အမည်များတဲ့အတွက် အရွယ်အစားအလိုက်မှာကြားတဲ့အတိုင်း ပို့ပေးပါတယ်။ ဒီစက်လှေတွေဆိုရင် တစ်စီးကို တိုက်ဂါးပုစွန်ပုံးတစ်ရာကျော်မှာ အချိန်တစ်သောင်းခွဲနီးပါး ပါလာတာတွေ့ရတယ်။ ဟိုဘက်ဆိပ်ကမ်းဆိုရင်လည်း ပင်လယ်ငါးမျိုးစုံပါလာတယ်။ ပင်လယ်က ဝင်လာတဲ့ ငါး၊ ပုစွန်တွေကို အေးခဲပြီး ရာသီပိတ်ချိန်နှစ်လမှာ တဖြည်းဖြည်းထုတ်ရောင်းသွားကြမှာပါ။ဈေးကောင်းရတဲ့ တိုက်ဂါးပုစွန်ကိုတော့ အေးခဲစက်ရုံပို့ပြီး ဒီအပတ်ထဲ ပြည်ပကို တင်ပို့သွားဖို့ရှိပါတယ်" ဟု ကြည့်မြင်တိုင်စံပြင်ငါးဈေးမှ ရေငန်ပို့ကုန်လုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်လျက်ရှိသည့် ပနားမီးပုစွန်ဖြူတို့ကို ပြည်ပနိုင်ငံများသို့နှစ်စဉ်တင်ပို့လျက်ရှိပြီး ပင်လယ်ပြင်မှဖမ်းဆီးရရှိသည့် အနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပလေးနိုင်ငံသို့ တင်ပို့လျက်ရှိကာ မြိတ်ကျွန်းစုတွင်မွေးမြူသည့် ပနားမီးပုစွန်ဖြူအား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည်။

"မြန်မာနိုင်ငံကထွက်ရှိတဲ့ တိုက်ဂါးပုစွန်နဲ့ပနားမီးပုစွန်ဖြူကို ပြည်ပဈေးကွက်တင်ပို့နိုင်တဲ့အတွက် နိုင်ငံခြားဝင်ငွေရရှိနေပါတယ်။ ရေခံမြေခံကောင်းတဲ့ မြန်မာနိုင်ငံမှာ ရေရှည်ထုတ်ယူသုံးစွဲမယ်ဆိုရင် အကောင်းဆုံးမွေးမြူရေးကျင့်စဉ်တွေကို သိရှိနားလည်ဖို့လိုပါတယ်။ တစ်ချိန်က တိုက်ဂါးပုစွန်ကိုမျိုးထိန်းပြီး မျိုးကို ရောင်းချနိုင်ခဲ့တဲ့ထိ အောင်မြင်ခဲ့သလို ယနေ့အချိန်မှာလည်း အဲဒီလိုပြန်လည်ဖော်ဆောင်ဖို့လိုပါတယ်။ဒါမှသာ ပင်လယ်ပြင်ရေသယံဇာတ အဝါရောင်အဆင့်မရောက်အောင် ထိန်းသိမ်းကာကွယ်နိုင်မှာပါ။ မြန်မာနိုင်ငံဟာ ရေခံမြေခံကောင်းတဲ့အတွက် သဘာဝနဲ့ လိုက်လျောညီထွေပြီး မျိုးစိတ်ကိုထိန်းနိုင်တဲ့ မွေးမြူထုတ်လုပ်မှုကို ဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ရေထွက်ကုန်ပို့ကုန်ကဏ္ဍဟာ နှစ်ဆတင်ပို့နိုင်မှာပါ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော တိုက်ဂါးပုစွန်များကို ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံများတွင် အေးခဲပြီး တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယားတို့သို့ အဓိကတင်ပို့လျက်ရှိသည်။ ငါးဖမ်းရာသီ မေလနှင့်ဇွန်လ နှစ်လတာပိတ်ထားချိန်၌ အအေးခန်းစက်ရုံများတွင် သိုလှောင်ထားရှိသည့် တိုက်ဂါးပုစွန်များ ပြည်ပမှာကြားမှုအပေါ်မူတည်၍ တင်ပို့လေ့ရှိပြီး ငါးဖမ်းရာသီပိတ်သိမ်းချိန်၌ ပုစွန်ပို့ကုန်မှ ဈေးကောင်းရလေ့ရှိကြောင်း သိရသည်။

ရေထွက်ကုန်များ ပြည်ပသို့တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုစွန် ၉၁၄၆ ဒသမ ၆၁၅ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့် ပိုက်ပုစွန်၊ ပင့်ပုစွန်နှင့် ရွှေလီပုစွန်တို့ကိုလည်း ပြည်ပသို့တင်ပို့လေ့ရှိပြီး အရသာကောင်းမွန်သော အနီရောင်တိုက်ဂါးပုစွန်များကို ပြည်ပနိုင်ငံများ နှစ်ခြိုက်ကြသဖြင့် ဈေးကောင်းရသော ရေထွက်ကုန်တစ်ခုအဖြစ် ရေငန်ပုစွန်ဈေးကွက်၌ နေရာရလျက်ရှိကြောင်း သိရသည်။ **သစ္စာ(MNA)**

❑ **နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်မှ အဆက်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။"

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

၁၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သန့်ဂုဏ်စံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သန့်ဂုဏ်စံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



စာမျက်နှာ ၁၈ မှအဆက်

စနစ်တကျ ပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးအောင်မြေသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အမှတ်(၁၅) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမရပူရမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ရေကြည်ပေါက်)ကျေးရွာ၌ ဆရာ၊ ဆရာမများ၊ ရပ်မရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်အမရပူရမြို့နယ်ရှိ ရွှေလင်းပင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်နှင့် တံစိုး-မင်းစုသွား ကားလမ်းမပေါ်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများအား စနစ်တကျကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့ထိအဆောက်အအုံ ၆၄၅၁ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၆၁၄၆ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိအဆောက်အအုံ ၃၀၅လုံးမှ အဆောက်အအုံ ၂၇၇ လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၂၈ လုံးဖြစ်သည်။

ၦးနောက်စဉ်ကိုင်မြို့နယ်မြေစာရင်းရုံးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအားသွားရောက်ကြည့်ရှုစစ်ဆေး၍ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular House နှစ်လုံး တည်ဆောက်ပေးမည့် မြေနေရာအား ရွေးချယ်ပေးပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြ၍ ညွှန်ကြားမှုခံယူသွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ၦးနောက် စဉ်ကိုင်မြို့နယ်ရှိ မြတ်မင်္ဂလာသီလရှင်စာသင်တိုက်သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့ထိအဆောက်အအုံ ဖ၄၅ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ဖ၁၄ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိအဆောက်အအုံ ၃၀၅လုံးမှ အဆောက်အအုံ ၂၇၇ လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၂၈ လုံးဖြစ်သည်။

ၦးနောက်စဉ်ကိုင်မြို့နယ်မြေစာရင်းရုံးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအားသွားရောက်ကြည့်ရှုစစ်ဆေး၍ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular House နှစ်လုံး တည်ဆောက်ပေးမည့် မြေနေရာအား ရွေးချယ်ပေးပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြ၍ ညွှန်ကြားမှုခံယူသွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ၦးနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနာ့ကိုယ်တော်ကြီးများ ပြန်လည်ပြုပြင်ရန်အတွက် ယနေ့တွင်ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်းတို့ကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ဘိလပ်မြေအိတ် ၁၈၀၀၊ 10mm သံချောင်း ၂ဒသမ၅တန်၊ 16 mm သံချောင်းငါးတန်၊ အထပ်သားအချပ် ၄၀ တို့အား တိုက်ရိုက်ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄ နှင့် ၀၉-၂၅၅၀၀၁၅၄) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်က ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း၊ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No- EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လှဲ့လှဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۶۷-၃۶၀۶၀၅၀ ၀۹-၂၀၂၁۶۹۵	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀۹-၂၅၀၁၂၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ၀۹-۶၂၀۷၀၈၈၂۷
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۶۷-۲۶၀۶၀۶၈ ၀۹-၂၅۶၁۷၀၀၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀۹-۶၂၀۷۶၀၁၆၀	ဒေါ်သက်သက်အေး ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ၀۹-۶၀၀၅၀၂၀၅၆
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۶۷-۲۶၀۶၃၁၆ ၀۹-۶۲၀၅۶၈۶۶	-	-

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ





မန္တလေးငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေ၊ ဆန်ရိက္ခာနှင့် ဆီဘူးများလှူဒါန်း

နေပြည်တော် မေ ၇

မန္တလေးငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လိုအပ်သည့် ပံ့ပိုးမှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် TZU CHI CHARITY FOUNDATION က ငွေကျပ်သိန်း ၂၀၀၊ ဆန်ခြောက်ပြည်ပါအိတ် ၉၂၀ နှင့် ဆီတစ်လီတာဘူး ၉၂၀ အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန (DMC) ရုံးသို့ လာရောက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ

၂၀၂၅ ခုနှစ် မေ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်း ၅၇၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၄၊ ၀၆၇-၃၄၀၄၉၅၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၈၄၇၊ ၀၉-၃၄၉၀၃၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(c) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၅၃၊ ၀၅၈-၂၀၂၃၅၃
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၃၇၅

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၅၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

မြေငလျင်ဒဏ်ကြောင့် နေအိမ်များပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများကို ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၇

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များ ပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင်

တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဧော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များ ပြိုကျ၊ ပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

> အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဧော်မင်းလတ် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများကို ထောက်ပံ့ငွေများပေးအပ်စဉ်။

ကော့မှူးမြို့နယ် ထမ္မနိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံယာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၇

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ထမ္မနိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံယာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေကျောင်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံယာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၃၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

> ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ဒဏ်ရာများရရှိ

နေပြည်တော် မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက မေ ၆ ရက် နံနက်ပိုင်းတွင် Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့်အမြင့်မှနေ၍ Drone ဖြင့် Drop Bomb များ လာရောက် ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများကျရောက်ပေါက်ကွဲမှုကြောင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်နေကြသည့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အေးချမ်းစွာနေထိုင်နေကြသော ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ အပေါ် ဒေသခံပြည်သူများက ရွံရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်း မရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်မှုတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

> PDF အမည်ခံအကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာအတွင်းသို့ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၉၈ ကီလို ဖမ်းဆီးရမိ

နေပြည်တော် မေ ၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်တွင် လီလောက်စေးမောင်းနှင်ပြီး လောက်စန်လိုက်ပါလာသည့် TOYOTA REVO ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၉၈ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

> ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

ထူးခြားသည့် နေ့အပူချိန်များ

၇ - ၅ - ၂၀၂၅

ချောက်	၄၂ ဒသမ ၆	ဒီဂရီဆဲလ်စီးယပ်
မြင်းမူ	၄၂ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
မကွေး	၄၀ ဒသမ ၈	ဒီဂရီဆဲလ်စီးယပ်
အောင်လံ	၄၀ ဒသမ ၆	ဒီဂရီဆဲလ်စီးယပ်
မြင်းခြံ	၄၀ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
ညောင်လေးပင်	၄၀ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
ပြည်	၄၀ ဒသမ ၄	ဒီဂရီဆဲလ်စီးယပ်
နေပြည်တော်	၄၀ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
ကျောက်ဆည်	၄၀ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
ရွှေဘို	၄၀ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
ဆင်ဖြူကျွန်း	၃၉ ဒသမ ၉	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်း	၃၉ ဒသမ ၈	ဒီဂရီဆဲလ်စီးယပ်

နွေကာလတွင် ကဆုန်ညောင်ရေဖြင့် အေးချမ်းကြစေ

ကျော်တင့်(ရွှေခရမ်း)

နွေကာလသို့ ရောက်ရှိလာပြီဖြစ်၍ နွေ၏ သဏ္ဌာန်ဖြစ်သည့်ပူပြင်းသောလေထုတို့ ဝင်ရောက်လာပြီဖြစ်သကဲ့သို့ တောတောင်ရှုခင်းတို့မှာ လွမ်းဆွတ်ဖွယ်ကောင်းလှပြီး ဥသြဇာကဲကလေးများ၏ အသံချိုကလေးများမှာလည်း လွမ်းမောဖွယ်ရာ အတိပင်ဖြစ်သည်။ နွေဥတုတွင် မြန်မာတို့၏ထင်ရှားသော ပွဲတော် များ ရှိပြီး တန် ခူး လ၏ ပူပြင်းသောကာလတွင်အေးမြသော ရေစင်ကို ပက်ဖျန်းကြသည့် သင်္ကြန်နဲ့ပွဲတော်ကိုဆင်နွဲကြသကဲ့သို့ ကဆုန်လ ရေခန်းရေခြောက်ချိန်တွင် ဘုရားပွင့်တော်မူရာဗောဓိပင်အား ကြည်ညိုသဒ္ဓါပွားများမှုကိုဦးတည်လျက် ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲကိုကျင်းပကြသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ဆယ့်နှစ်ရာသီပွဲတော် အပါအဝင်ဘာသာရေးပွဲတော်တစ်ခုလည်းဖြစ်သည်။

မြန်မာ့ဆယ့်နှစ်လရာသီတွင် ကဆုန်လသည် ဒုတိယမြောက်လဖြစ်ပြီး ကိုးကွယ်ယုံကြည်မှု ဆိုင်ရာဗုဒ္ဓသာသနာနှင့် သက်ဆိုင်သည့်လမြတ်မဟာလည်းဖြစ်သည်။ ကဆုန်လသည် ပြိဿရာသီ၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောလလည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များအဖို့ ဆယ့်နှစ်ရာသီတွင် ကဆုန်လကို မွန်မြတ်သောလဟု မှတ်ယူကြပြီး ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟုသတ်မှတ်ခဲ့ကြသည်။ ဒီပင်္ဂီရာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ရလိမ့်မည်ဟု ဗျာဒိတ်ပေးခဲ့သည့်နေ့သည် ကဆုန်လပြည့်နေ့ဖြစ်ခြင်း၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူခြင်း၊ သဗ္ဗညုတညာဏ်တော်ရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း၊ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခြင်းစသည့်အချက်များကြောင့် "ဖွားမြင်ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်၊ လပြည့်ကြဲ"ဟုလည်းကောင်း၊ "ဆု၊ ဖွား၊ ပွင့်၊ စံ ဤလေးတန် မှတ်ရန်ကဆုန်လ"ဟုလည်းကောင်း စာဆိုပညာရှင်များက စာပန်းချီခြယ်သခဲ့ကြသည်။

ကဆုန်လအခေါ်အဝေါ်အရ "က"မှာ "ရေ" ဟုအနက်ရသည်။ "ဆုန် "မှာကား သွန်းခြင်း၊ လောင်းခြင်း၊ ဖျန်းခြင်းဟု အနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လသည် ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလဟု အဓိပ္ပာယ်ရသည်။ ရှေးဟောင်းပုဂံခေတ် သက္ကရာဇ် ၄၆၉ ခုနှစ်တွင် ရေးထိုးသည့် ထီးလှိုင်ရှင်ကျောက်စာမှစ၍ "ကုဆုန်" ဟု ရေးထိုးခဲ့ကြပြီး "ကုဆုန်" မှ "ကဆုန်"အရေးအသားသို့ ကူးပြောင်းလာခြင်းဖြစ်သည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ မွေးပျိုသော စံကားပန်းကလေးများသည် ကဆုန်လ၏ ရာသီပန်းကလေးများပင်ဖြစ်သည်။ တန်ခူးရေကုန်၊ ကဆုန်ရေခန်း ဟူ၍လည်းကောင်း၊ ကဆုန်၊ နယုန်ဆွေ့ဆွေ့ခုန်ဟူ၍လည်းကောင်း ဆိုရိုးစကားရှိသည့်အတိုင်း ကဆုန်လသည် ရာသီဥတုအလွန်ပူသည်။ ကဆုန်လတွင် နေရာအနှံ့အပြားမိုးရွာသွန်းသော်လည်း မိုးသဲသဲမဲမဲရွာသွန်းခြင်းမရှိဘဲ မိုးဖွဲဖွဲသာ ရွာသွန်းတတ်၍ မိုးရေနှင့်အတူမြေသင်းနံ့ကလေးများဖြင့် မွေးပျိုနေတတ်သည်။ ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်လရာသီအိုင်ချင်း၌ ကဆုန်လ၏ ရာသီအခေါ်အဝေါ်၊ ရာသီပန်းနှင့် ရာသီရုပ်၊ ရာသီပွဲတော်တို့ကို "ပြိဿကဆုန်၊ မြူးခုန်နွားနှင့်၊ စံကားပွင့်လို့၊ ခါသင့်ချိန်ခါ၊ ညောင်ရေတော်ပွဲ၊ ထွန်းမြဝိသာခါ" ဟု ရေးဖွဲ့ခဲ့ပါသည်။

မြန်မာတို့သည် ရှေးအခါသမယ ပုဂံခေတ်မတိုင်မီကာလကပင် ဗုဒ္ဓဘာသာ အဆုံးအမများနှင့် ရိုးရာဓလေ့ထုံးတမ်းများကို ယှဉ်တွဲ၍ တန်ခူးလမှ တပေါင်းလထိ ရာသီပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်။ လက်ဝဲသုန္ဒရအမတ်ကြီးက သာဓိနပျို့တွင် စာပေဖြင့် ဆယ့်နှစ်ရာသီပွဲတော်များကို "သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပုလွေခင်း၊ ပဠွင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်ရှေးစာဆိုများကလည်း ညောင်ရေသွန်းလောင်းပုံများကို ရှေးစာပေဖြင့် မှတ်တမ်းပြုခဲ့ကြသည်။

ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် သက်တော်ထင်ရှားမြတ်စွာဘုရားအား ရည်မှန်းပူဇော်လျက် ဗောဓိပင်အား ရေသွန်းလောင်းခြင်း၊ ဘုရားရုပ်ပွားတော်များ၊ ဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြသည်။ ရေသွန်းလောင်းကြသည်မှာ ကဆုန်လတွင် ရေရှားပြတ်လပ်၍ ခြောက်သွေ့နေသော ဗောဓိပင်ကို လန်းဆန်းစိုပြည်စေရန်အတွက် ဖြစ်ပေသည်။ သံဝေဇနိယလေးဌာနဖြစ်သည့် မြတ်စွာဘုရားဖွားမြင်ရာဖြစ်သော လုမ္မိနီဥယျာဉ်၊ ဘုရားအဖြစ်သို့ရောက်တော်မူသော မဟာဗောဓိညောင်ပင်၊ ဓမ္မစက်တရားဦး ဟောကြားတော်မူသော မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်ပြုသော ကုသိနာရုံတို့သည် သဒ္ဓါရှင်ကြည်ဖွယ်မြော်ထိုက်သော၊ သံဝေဂရစေနိုင်သောဌာနများဟု မြတ်ဘုရားက ဟောကြားတော်မူခဲ့သည်။ ထို့ပြင် "ငါဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ဓာတ်တော်ရတနာများဖြစ်သော သာရီရိကစေတီ၊ သပိတ်၊ သင်္ကန်းစသည့် အသုံးအဆောင်များဖြစ်သော ပရိဘောဂစေတီ၊ ဘုရားရှင်အား ရည်မှန်းသွန်းထုထားသော ဥဒ္ဒိသစေတီများအား ကိုးကွယ်နိုင်ကြပေသည်။ ဘုရားရှင် သစ္စာတရားလေးပါးကို ပိုင်းခြားသိမြင်တော်မူခဲ့သော မဟာဗောဓိညောင်ပင်သည်လည်း ပရိဘောဂစေတီမည်၍ ဖူးမြော်ကိုးကွယ်ပူဇော်နိုင်ကြသည်" ဟု မြွက်ကြားတော်မူသည်။ ထိုသို့မြွက်ကြားချက်ကို နာယူလျက် ကဆုန်လ ရေခန်းခြောက်ချိန်တွင် ဘုရားပွင့်တော်မူရာ ဗောဓိပင်အား ကြည်ညိုသဒ္ဓါပွားများမှုကို ဦးတည်လျက် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်းအားဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်ရသောကြောင့် ကောင်းကျိုးလိုရာဟူသမျှပြည့်စုံကြရသည်ဟု သက်ဝင်ယုံကြည်ကြသည်။ ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ ဗောဓိညောင်ပင်ကို ရေကြည်ရေအေးဖြင့် ရေစင်သွန်းဖျန်းကြသည့် ဗုဒ္ဓဘာသာဝင်များသည် ရေအကျိုးဆယ်ပါး မတောင့်တဘဲ ပြည့်စုံခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ စိတ်နလုံးချမ်းမြေ့ခြင်းစသည့် အကျိုးများရရှိစေရန် တောင်းဆုပြုကြသည်။ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းကြသကဲ့သို့ သီတင်းသီလဆောက်တည်ခြင်း၊ ဘုရားစေတီများတွင် ရဟန်းသံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကျင်းပခြင်း၊ သက်ကြီးပူဇော်ပွဲများ၊ ငါးလွှတ်ပွဲများ ကျင်းပခြင်းစသည့် ဒါနကုသိုလ်တရားများကို အားထုတ်ကြသည်။ ညောင်ရေသွန်းပွဲတော်မှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သကဲ့သို့ ကုသိုလ်ယူစရာ မြန်မာ့ရိုးရာပွဲတော်လည်းဖြစ်ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုလေ့စရိုက်များ၊ ဘာသာတရားကိုင်းရှိုင်းမှုများနှင့် ရိုးရာဝတ်စားဆင်ယင်ပုံများကိုလည်း တွေ့မြင်နိုင်သည်။ ညောင်ရေသွန်းရာတွင် အမျိုးသားများက ဝတ်ဖြူစင်ကြယ်ဝတ်ဆင်၍ ရေအိုးများထဲ၌ အောင်သပြေပန်းများထည့်ပြီး ကိုင်ဆောင်၍လည်းကောင်း၊ အမျိုးသမီးများက ယောဂီဝတ်စုံများဆင်မြန်းပြီး ရေအိုးများကိုယ်စီရွက်၍လည်းကောင်း ဗောဓိညောင်ပင်ရှိရာသို့ ရေစင်သွန်းလောင်းရန်သွားကြသည်။ ဗုဒ္ဓဘာသာမြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ ပုံရိပ်မှာလည်း မြန်မာ့ဟန်၊ မြန်မာ့ဓလေ့စရိုက်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့အလှဝေဖြာလျက်ရှိပြီး ပွဲတော်၏ ပုံရိပ်ကိုခမ်းနားစေသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ ဘာသာရေး၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့် ပြည့်စုံနေသော ပွဲတော်ကြီးတစ်ခုဖြစ်သဖြင့် ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်ခြိမ့်ခြိမ့်သဲသဲကျင်းပခြင်းသည် ဘာသာသာသနာနှင့်ရိုးရာယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည်ကဆုန်လပြည့်နေ့တွင် ဘုရားရှင်ကိုရည်မှန်း၍ မဟာဗောဓိညောင်ပင်ကိုရေသွန်းလောင်းကာ ကုသိုလ်ယူကြသည်။ ကဆုန်လပြည့်နေ့ကို ဘုရားလောင်းဖွားမြင်တော်မူသောနေ့၊ ဘုရားရှင်ပွင့်တော်မူသောနေ့၊ ဘုရားပရိနိဗ္ဗာန်စံသောနေ့အဖြစ် အောက်မေ့သတိရကာ ပူပြင်းသောနွေကာလ၌ ဗောဓိပင်ကို အေးမြသောရေပက်ဖျန်းလောင်းခြင်းဖြင့် စိတ်နလုံးရွှင်လန်းစေမည်ဖြစ်သည်။ အပူရှိန်ကြောင့် ညှိုးနွမ်းနေသော ဗောဓိညောင်ပင်သည် ရေများသွန်းလောင်းမှုကြောင့် အကိုင်းအခက်၊ အရွက်များ ရှင်သန်စိမ်းလန်းလာမည်ဖြစ်သကဲ့သို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အတွက်လည်း ညောင်ရေသွန်းလောင်းသော ကုသိုလ်တရားကြောင့် အေးချမ်းသာယာပျော်ရွှင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- **နေ့စဉ်ထုတ်သတင်းစာများ**
- **မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ**
  အမျိုးသားပညာဝန်ဦးဖိုးကျား

❖ ကဆုန်ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ ဘာသာရေး၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်ပြည့်စုံနေသော ပွဲတော်ကြီးတစ်ခုဖြစ်သဖြင့် ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်ခြိမ့်ခြိမ့်သဲသဲကျင်းပခြင်းသည် ဘာသာသာသနာနှင့်ရိုးရာယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့တွင် ဘုရားရှင်ကိုရည်မှန်း၍ မဟာဗောဓိညောင်ပင်ကို ရေသွန်းလောင်းကာ ကုသိုလ်ယူကြသည်။ ကဆုန်လပြည့်နေ့ကို ဘုရားလောင်းဖွားမြင်တော်မူသောနေ့၊ ဘုရားရှင်ပွင့်တော်မူသောနေ့၊ ဘုရားပရိနိဗ္ဗာန်စံသောနေ့အဖြစ် အောက်မေ့သတိရကာ ပူပြင်းသောနွေကာလ၌ ဗောဓိပင်ကို အေးမြသောရေပက်ဖျန်းလောင်းခြင်းဖြင့် စိတ်နလုံးရွှင်လန်းစေမည်ဖြစ်သည်။ အပူရှိန်ကြောင့် ညှိုးနွမ်းနေသော ဗောဓိညောင်ပင်သည် ရေများသွန်းလောင်းမှုကြောင့် အကိုင်းအခက်၊ အရွက်များ ရှင်သန်စိမ်းလန်းလာမည်ဖြစ်သကဲ့သို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အတွက်လည်း ညောင်ရေသွန်းလောင်းသော ကုသိုလ်တရားကြောင့် အေးချမ်းသာယာပျော်ရွှင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ❖

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

(၁)

"ဟဲ့ ကျောင်းပိတ်ရက် ငါ့အိမ်ကို အလည်လိုက်ခဲ့အုံး"

"အေးပါဟဲ့။ ငါကလဲ နင့်အိမ်ကို ရောက်ဖူးချင်နေတာ"

"ငါကလဲ နင့်ကို ငါ့အိမ် အလည်ခေါ်ချင်နေတာ။ အခုကျောင်းပိတ်တုန်း နင်လဲ ရွာမပြန်နဲ့တော့။ နင့်အိမ်ကို ဖုန်းဆက်ပြီး ငါ့အိမ်မှာ ခဏလည်မယ့် အကြောင်း ကြိုပြောထားလိုက်ပေါ့"

"အေးပါဟာ။ငါ အမေ့ဆီကို ဖုန်းဆက်လိုက်ပါ့မယ်"

မြတ်နိုးမေနှင့် ရတီစိုးတို့က တက္ကသိုလ်တွင် အတန်းတူသူငယ်ချင်းများဖြစ်ကြသည်။ မြန်မာစာ အထူးပြုကျောင်းသူများဖြစ်သည့်အတွက် စာဖတ်ဝါသနာလည်းပါကြသည်။ စာကြည့်တိုက်သွားလည်း အတူတူ၊ ကန်တင်းထိုင်လည်းအတူတူပင်ဖြစ်သည်။ စိတ်တူကိုယ်တူဖြစ်ကာ ညီအစ်မအရင်းကဲ့သို့ ချစ်ခင်ကြလေသည်။ ယခုလည်း ကျောင်းပိတ်ရက်မှာ သူငယ်ချင်းကို အိမ်မပြန်စေဘဲ မြတ်နိုးမေက သူ့အိမ်တွင် အလည်သဘောမျိုးဖြင့် ညအိပ်ခေါ်လေသည်။ သူတို့နှစ်ယောက်တွင် မြတ်နိုးမေက ဝန်ထမ်းသားသမီးဖြစ်ပြီး မြို့ထဲတွင် တိုက်နှင့်ကားနှင့်ဖြစ်သည်။ ရတီစိုးမှာ ရွာသူဖြစ်၍ စားနိုင်သောက်နိုင်ရုံသာ ပြေလည်လေသည်။

(၂)

"ဟယ်...နင့်အိမ်က လှလိုက်တာ။ ဟိုဘက်မှာလဲ ပန်းပင်တွေစိုက်ထားလိုက်တာများ စိမ်းစိုနေတာပဲ"

"ငါစိုက်ထားတဲ့ သစ်ခွပန်းပင်တွေရော ပြေးမယ်"

ရတီစိုးက မြတ်နိုးမေ၏ အိမ်သို့ရောက်လျှင် အိမ်ဝင်းထဲစိုက်ထားသော ပန်းပင်များကို တအံ့တသြဖြင့် ကြည့်တော့သည်။

"မေမေ သမီးသူငယ်ချင်းကို အလည်ခေါ်ခဲ့ပြီနော်"

"အေးအေး။ လာ သမီးတို့"

မြတ်နိုးမေ၏ အမေက ဖော်ရွေပါသည်။ ဝတ်ထားစားထားပုံမှာ ပိပိရိရိရှိ၍ မိန်းမကောင်းပီသသည်ဟု ထင်ရပါသည်။ ဆက်ဆံရေးကောင်းမွန်၍ စကားပြောယဉ်ကျေးပါသည်။ အဆင့်အတန်းမခွဲခြားဟုလည်း ယူဆရပါသည်။

"သမီးတို့က အတန်းအတူတူလဲ တက်ကြတယ်။ သမီးက သူ့သူငယ်ချင်းအကြောင်းကို ပြောဖူးထားတော့ သမီးကို နာမည်ကြားဖူးကတည်းက အန်တီကတွေ့ချင်နေတာ"

"ဟုတ်ကဲ့ရှင့်"

ရတီစိုးလည်း အိမ်ထဲသို့ရောက်၍ ပြောင်ဝင်းနေသော ထိုင်ခုံပေါ်တွင် ထိုင်လေသည်။ ရတီစိုးက မြတ်နိုးမေ၏ အိမ်အတွင်းပိုင်းမှ အဖိုးတန်ပစ္စည်းများဖြင့် ပြင်ဆင်ထားပုံကို ကြည့်မိလေသည်။အိမ်ထဲမှ တီဗီမှာလည်း ကြီးမှကြီး ဖြစ်လေသည်။ အင်တာနက်အတွက် ဝိုင်ဖိုင်ကလည်း အချိန်ပြည့်ဖွင့်ထားပုံရသည်။

"ဟဲ့ ရတီ။ ရေချိုးမယ်လေ။ ပြီးရင် ထမင်းစားမယ်"

"အေးအေး"ရတီစိုးလည်း မြတ်နိုးမေခေါ်ရာသို့ လိုက်သွားလေသည်။ ကြွေပြားများဖြင့် နံရံကိုကပ်ထားပြီး ရေပန်းများဖြင့် ဆန်းကြယ်စွာပြင်ဆင်ထားသည့် ရေချိုးခန်းကိုလည်း ရတီစိုးသဘောကျပါသည်။

"ဟဲ့ မြတ်နိုး နင့်အိမ်ကတော့ ရှယ်ပဲနော်။ ငါ့အိမ်နဲ့ကတော့ မိုးနဲ့မြေ"

"နင်ပျော်ရင် ပျော်သလောက်နေပေါ့။ ငါ့အိမ်က နင့်တစ်ယောက်အတွက်နဲ့ ဝန်ထုပ်ဝန်ပိုးမဖြစ်ပါဘူး"

"နင့်အိမ်မှာနေရတာ ပျော်တာတော့ ပျော်တာပေါ့ဟယ်။ ဒါပေမဲ့ ငါ့အိမ်ကိုလဲ သတိရတာပေါ့"

"အေးပါဟယ်။ ကဲ ရေချိုးတော့။ ပြီးရင် ထမင်းစားမယ်"

(၃)

နေ့လယ်စာစားချိန်မှာ ရတီစိုးက မြတ်နိုးမေကို မေးလိုက်သည်။

"ဟဲ့ နင့်အမေက ထမင်းမစားဘူးတဲ့လား။ အတူတူမစားဘူးလား"

"မြို့ထဲ သွားပြီထင်တယ်။ ကဲပါဟယ်။ ဘာမှတွေးမနေပါနဲ့ ရတီရယ်။ နင်နဲ့ငါပဲ ထမင်းအတူတူစားနှင့်ရအောင်"

"နင့်မိဘတွေစုံအောင် မစောင့်တော့ဘူးလား"

"မစောင့်တော့ပါဘူး။ ငါတို့အိမ်က..."မြတ်နိုးမေ စိတ်ထိခိုက်သွားပုံပေါ်သည်။ သို့သော် မျက်နှာကို ချက်ချင်းပြင်လိုက်လေသည်။

"ဘာလဲဟ"

"ဆာတဲ့သူက အရင်စားနှင့်တာ။ ဖေဖေက ရုံးမှာ လူကြီးဆိုတော့ နောက်ကျမှအိမ်ပြန်လာရတာလေ"

"ဪ..."

မြတ်နိုးမေက ရတီစိုးကို သူ့အိမ်ထမင်းဝိုင်း လူမစုံသည့်အကြောင်းရင်းကို ရှင်းပြလေသည်။ နေ့လယ်စာစားပြီး၍ အိမ်ရှေ့ခန်းတွင် ထိုင်နေခိုက်တွင် သူ့အစ်ကိုအပြင်မှပြန်လာလေသည်။

"အငယ်မ အမေတို့ ပြန်လာပြီလား"

"မလာသေးဘူးနော်။ ဘာလို့လဲ"

မြတ်နိုးမေ၏ မေးခွန်းကို ပြန်မဖြေဘဲ သူ့အစ်ကို က စိတ်မကြည်သည့်သဘောဖြင့် ဂရုမစိုက်ကာ အိမ်ပေါ်ထပ်သို့တက်သွားလေသည်။ ရတီစိုးလည်း ဘာကိုနားလည်ရမှန်း မသိသည့်အတွက် မြတ်နိုးမေကိုသာကြည့်၍ နေလေသည်။

"ဟဲ့ နင့်အစ်ကိုက ဘာဖြစ်တာလဲ။ နင်မေးတာလဲ မဖြေဘူး"

"သူက အ့ဲဒီအတိုင်းပဲ"

"အင်းပါ။ ဒါဆိုလဲ ဇာတ်လမ်းကောင်းကြည့်ရအောင် တီဗီဖွင့်ပေးအုံး။ ဖုန်းထဲကနေကြည့်ရတာ အားမရဘူး။ ဒီလိုတီဗီအကြီးကြီးနဲ့ ကြည့်ရမှ ကြိုက်တာ"

ရတီစိုးသည် မြတ်နိုးမေတို့အိမ်ကိုရောက်ကတည်းက သူ့အဖေကို မမြင်ဖူးသေးပေ။ သို့သော် ဓာတ်ပုံကို ကြည့်ခြင်းအားဖြင့် ဌာနဆိုင်ရာအရာရှိ တစ်ယောက်ဖြစ်သည်ကို သိရသည်။

"အေးပါ နင်ကြည့်ချင်ရင် ဖွင့်ပြပါ့မယ်"

နှစ်ယောက်သား ဇာတ်ကားလိုင်းများရွေး၍ တီဗီကြည့်နေကြလေသည်။ တီဗီကြည့်နေသော ကြောင့် အချိန်တွေမည်သို့ကုန်သွားသည်ကို သတိမထားမိပေ။ ရတီစိုးက ရုတ်တရက် နာရီကို ကြည့်မိသည်။

"ဟဲ့ ညနေ ငါးနာရီထိုးနေပြီနော်"

"ဟုတ်တယ်"

"ထမင်းမချက်ဘူးလား။ နင့်အမေလည်း ပြန်မလာသေးဘူးနော်"

"ကဲပါ ငါ့အမေ ပြန်မလာလဲ ငါတို့နှစ်ယောက်ပဲ ထမင်းဟင်းချက်ကြတာပေါ့"

ရတီစိုးနှင့် မြတ်နိုးမေတို့ ထမင်းဟင်းချက်၍ ပြီးသည့်တိုင် သူ့မိဘတွေပြန်မလာသေးပေ။ မြတ်နိုးမေက ဘာမျှစိတ်ပူခြင်းမရှိဟုထင်ရအောင် သာမန်ကိစ္စတစ်ခုကဲ့သို့ သဘောထားသည်။ မြတ်နိုးမေတို့အိမ်တွင် လူကြီးမိဘများမရှိခြင်းက ပို၍လွတ်လပ်သည်ဟုလည်း ရတီစိုး ထင်မိနေလေသည်။

"နင့်အဖေကလဲ ပြန်မလာသေးဘူးနော်"

"ဒါကဖြစ်နေကျပါဟာ။ သူတို့က ဝန်ထမ်းဆိုတော့ အလုပ်များတယ်။ မြို့ထဲက ဧည့်သည်တွေနဲ့တွေ့တဲ့ နေ့ဆို မိုးလင်းမှ ပြန်ရောက်တာ"

"ဒါဆို နင့်အစ်ကိုကရော ထမင်းမစားဘူးလား"

"သူက အပြင်မှာစားတာများတယ်"

"ဪ....."ဟူသော စကားတစ်လုံးသာ ရတီစိုး ပြန်ပြောနိုင်လေသည်။

ထမင်းစားပြီးသောအခါ အိပ်ခန်းထဲဝင်ကာ ဖုန်းဖွင့်ပြီး ဝိုင်ဖိုင်ဖြင့်ဖေ့စ်ဘွတ်သုံးကြလေသည်။ ထိုအခိုက်တွင် အောက်ထပ်မှ စကားပြောသံ ခပ်ကျယ်ကျယ်ကိုကြားရလေသည်။ ထိုအခါ မြတ်နိုးမေက သူ့နားကြပ်ကို ရတီစိုး နားတွင်းသို့ ထည့်ပေးထားခဲ့ကာ အောက်ဆင်းသွားလေသည်။ အပေါ်ပြန်တက်လာသောအခါ မြတ်နိုးမေသည် မျက်နှာသုတ်ပဝါဖြင့် မျက်နှာမှရေများကို ပြောင်အောင်သုတ်နေလေသည်။

"ဟဲ့ နင့်အမေတို့ပြန်လာပြီလား"

"အင်း"

မြတ်နိုးမေမျက်နှာ နီလျက်ရှိသည်ကို ရတီစိုး သတိထားမိသည်။ ထိုညက ရတီစိုးသည် ရှိုက်သံ တစ်ချက်တစ်ချက်ကို ကြားမိသကဲ့သို့ရှိလေသည်။

(၄)

ကလေးတက္ကသိုလ်တွင် ပထမနှစ်စာမေးပွဲ ဖြေပြီးသောအခါ ကျောင်းသား၊ ကျောင်းသူများ ကိုယ့်ရပ်ဌာနီသို့ ပြန်ကြရလေသည်။ တစ်ယောက်နှင့်တစ်ယောက်နှုတ်ဆက်၍ အားလျှင် သူ့အိမ်ကိုယ့်အိမ်သို့ လာလည်လိုလျှင် လာနိုင်ကြောင်းများကို ပြောကြလေသည်။

"မြတ်နိုးမေ ငါ့အိမ်ကို လာလည်အုံးနော်။ နင့်အိမ်ကို ငါလာလည်ပြီးပြီ။ နင့်အလှည့်ပဲ ကျန်တော့တာ"

"အေးပါ စိတ်ချပါ။ ငါလာခဲ့ပါ့မယ်"

တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်စကား ပြောပြီးသောအခါ ရတီစိုးလည်း သူ့အိမ်ရှိရာ နန်းဗဟိုရပ်ဟူသော ရွာကလေးသို့ ဆိုင်ကယ်စီးကာ ပြန်လာလေသည်။ အိမ်ပြန်ရောက်၍ သူ့မိဘတွေက ရတီစိုးကို စာမေးပွဲဖြေနိုင်သလားဟု မေးမြန်းပြောဆိုကြလေသည်။ ရတီစိုးကလည်း ကောင်းစွာဖြေဆိုနိုင်သည်ဟု ပြန်လည်ဖြေကြားလေသည်။ သည်လိုနှင့် ရတီစိုးအိမ်ပြန်ရောက်သည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။ ရတီစိုးလည်း ကျောင်းတက်ခဲ့ရစဉ်က အဖြစ်အပျက်များကိုစဉ်းစားလျက် အိမ်ရှေ့ထိုင်ခုံတွင် ထိုင်နေသည်။ ထိုစဉ် ရတီစိုးနေသည့် အိမ်လမ်းကြားရှေ့ ဆီမှ သစ်လွင်သည့်ဆိုင်ကယ် တစ်စီးမောင်းလာသည်ကိုတွေ့ရလေသည်။ဆိုင်ကယ်မောင်းသူမှာ မိန်းကလေးဖြစ်ဟန်တူလေသည်။ ရတီစိုးက ဆိုင်ကယ်မောင်းလာသူကို စိတ်ဝင်တစားကြည့်နေသည်။ ရတီစိုး ရှေ့သို့ရောက်လျှင် ဆိုင်ကယ်ကိုရပ်လေသည်။

"ဟဲ့ ငါ့ကို မမှတ်မိတော့ဘူးလား"

"ဪ... မြတ်နိုးမေ နင်တကယ်လာလည်တယ်နော်"

"အေးဟ။ ငါ့ကိုအိမ်ထဲ မခေါ်တော့ဘူးလား"

"ကဲ...လာ"

မြတ်နိုးမေကို ရတီစိုးက သူ့မိဘတွေနှင့် မိတ်ဆက်ပေးလေသည်။ ရတီစိုးက မြတ်နိုးမေတို့အိမ်သွားရောက်စဉ်က အကြောင်းများကို သူ့မိဘတွေအား ပြန်ပြောင်းပြောပြလေသည်။ မြတ်နိုးမေတို့အိမ်သွားလည်စဉ်က သူ့မိဘတွေသည် ပညာတတ်တွေဖြစ်၍ အလုပ်များကြောင်း၊ နေပုံထိုင်ပုံမှာ ယဉ်ကျေးသိမ်မွေ့ကြောင်း ရတီစိုးကိုယ်တိုင်ကပင် မြတ်နိုးမေတို့၏ဘဝကို အားကျကြောင်းကို သူ့မိဘတွေကို ပြောနေလေသည်။ ထိုသို့ပြောပြနေစဉ် မြတ်နိုးမေကတော့ ပြုံးရီ၍သာနေတော့သည်။

(၅)

"မြတ်နိုးမေ ထမင်းစားမယ်နော်"

"အေးအေး လာပြီ" ထမင်းစားချိန်မှာ မြတ်နိုးမေက သူ့အိမ်ကိုသတိရလေသည်။ ဘယ်သောအခါမှ လူစုံလေ့မရှိသော ထမင်းဝိုင်းတွင် မြတ်နိုးမေ တစ်ယောက်တည်း ထမင်းစားရသည်မှာ အထီးကျန်ဆန်လွန်းလှပါသည်။ ယခု ရတီစိုးအိမ်မှာတော့

➤ စာမျက်နှာ ၂၅ သို့

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလဲထိုးပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် မေ ၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလဲထိုးပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးသလဲထိုး ပိသာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးသလဲထိုးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးသလဲထိုးတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသဈေးကွက်တွေကို တင်ပို့ရောင်းချနေပါတယ်။ ဧပြီလအတွင်း ငါးသလဲထိုးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိ ဒေသထွက် ငါးသလဲထိုးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ဈေးကတော့ လတ်ဆတ်မှုအပေါ်မူတည်တာပေါ့။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ ရေလုပ်သားတွေ အဆင်ပြေနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများအပါအဝင် ရေထွက်ကုန်များ တင်ပို့ရောင်းအား ကောင်းလာသည့် အတွက် ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်း၊ ရေလုပ်သားများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၀၇၅ ဧကစိုက်ပျိုးမည်

ဝက်လက် မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၀၇၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၀၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် နှမ်းများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မိုးနှမ်းဧက ၁၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီလထဲမှာ စိုက်ပျိုးဖို့ အတွက် ဆောင်ရွက်နေပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းနစ်တွေနဲ့စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မိုးနှမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးနှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖုလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍သိရသည်။ (၂၀၆)

➤ **စာမျက်နှာ ၂၄ မှအဆက်**

သူ့မိသားစု စုံစုံလင်လင်နှင့် ထမင်းစားရသည်မှာ ဟင်းမျိုးစုံ ဖွယ်ဖွယ်ရာရာမရှိသော်လည်း စား၍ကောင်းသည်ဟု ထင်မိနေလေသည်။

"သမီးထည့်စားနော်"

"ထည့်စားလေ မြတ်နိုးမေရဲ့။ ငါထည့်ပေးမယ်" ရတီစိုးက ဟင်းများကို ကိုယ်တိုင်ထည့်ပေးသည်။

"ဟင်းတွေထည့်စားနော်။ ထမင်းလဲ လိုရင်ထပ်ထည့်စား။ ကိုယ့်အိမ်လိုသဘောထားပြီးစား။ ဘာမှအားနာစရာမလိုဘူး ငါ့ညီမရေ" "ဟုတ်ကဲ့ရှင့်"

မြတ်နိုးမေ ပျော်သလို ဝမ်းနည်းသလို ခံစားရပါသည်။ သူ့အိမ်တွင် သည်ကဲ့သို့ ပျော်စရာထမင်းဝိုင်းမဖြစ်သည်မှာကြာခဲ့ပြီ ဖြစ်သည်။

"နင့်အိမ်တုန်းကတော့ ဟင်းကောင်းကောင်းနဲ့စားခဲ့ရပေမဲ့ ငါ့အိမ်ကတော့ နင်မြင်တဲ့အတိုင်းပဲ"

ရတီစိုးက မြတ်နိုးမေကို အားနာသကဲ့သို့ ဖြစ်နေသည်။

"ရပါတယ်ဟာ။ ငါစားတတ်ပါတယ်"

နှုတ်မှ"ရပါတယ်"ဟုဖွင့်ပြောလိုက်သော်လည်း စိတ်မှ ပြောချင်စရာ စကားလုံးတွေပြည့်နှက်နေလေသည်။

"သူငယ်ချင်းရတီစိုးရယ် နင့်အိမ်က ဟင်းကောင်းကောင်း မစားနိုင်ပေမဲ့ စိတ်ချမ်းသာစရာတွေနဲ့တင် လုံလောက်နေပါပြီဟာ။ ငါ့အိမ်မှာတော့လူမစုံတဲ့ ထမင်းဝိုင်းက ဟင်းကောင်းဟင်းမွန်တွေဟာ နင့်အိမ်က ထမင်းဝိုင်းထက် အရသာကင်းမဲ့ပါတယ်"

မြတ်နိုးမေစိတ်ထဲ ခြောက်ကပ်လွန်းသည့် သူ့အိမ်ထမင်းဝိုင်းကို မြင်ယောင်နေမိသည်။ ညစာစားပြီးချိန်မှာတော့ ရေနွေးကြမ်းထိုင်သောက်ကြလျက် ရှေးဖြစ်နှောင်းဖြစ်စကားများ ပြောကြသည်ကို နားထောင်ရလေသည်။

"ဟဲ့ ငါ့အိမ်က နင့်အိမ်လိုတော့ ဝိုင်ဖိုင်လဲမရှိဘူး။ တီဗီလဲမရှိဘူးနော်"

"အဆင်ပြေပါတယ်။ ငါကအိမ်မှာလဲ တစ်ယောက်ထဲနေတာများတယ်။ ဒီမှာ လူကြီးတွေပြောတာနားထောင်ရတာ ငါ့အတွက် အပျင်းပြေပါတယ်" ထိုသို့ပြောနေစဉ် ရတီစိုးအဖေက ဖုန်းလှမ်း၍တောင်းသည်။

"သမီး ဟိုနေ့က ကြည့်တဲ့ဟာသကားလေး ဖွင့်ပြစမ်းပါအုံးဟဲ့။ ကြည့်ရအောင်"

"ဟုတ်ကဲ့အဖေ"

ရတီစိုးက သူ့အဖေထံသို့ ဖုန်းဗီဒီယိုဖိုင်ဖွင့်၍ ဖုန်းကိုလှမ်းပေးလိုက်သည်။ ဟာသကားကြည့်၍ မကြာမီပင် သူ့မိဘနှစ်ပါးနှင့် သူ့အစ်ကိုရောစု၍ ဟာသကားကို သဲသဲမဲမဲကြည့်ကြလေသည်။ ဟီးဟီးဟားဟားရယ်လျက်ကြည့်ကောင်းနေကြလေသည်။ ဖုန်းတစ်လုံးကို တစ်အိမ်လုံးစုပြုံ၍ ကြည့်ကြရသည်။

"ငါ့အိမ်မှာ ငါ့ဖုန်းတစ်လုံးပဲရှိတယ်။ နင့်အိမ်လို တီဗီအကြီးကြီးတော့ မရှိဘူးပေါ့"ရတီစိုးက ဘယ်အရာမဆို မြတ်နိုးမေ၏အိမ်နှင့်နှိုင်းယှဉ်ကာ ပြောလေသည်။

"နင်နဲ့ငါလဲ ငါ့ဖုန်းကို ကြည့်ကြမယ်လေ"

"ကောင်းတာပေါ့ဟ"

မြတ်နိုးမေက ဖုန်းဖြင့် ဇာတ်ကားကြည့်နေသော်လည်း စိတ်က အိမ်သို့ရောက်နေသည်။ မြတ်နိုးမေ မှတ်မိသေးသည်။ သူနှင့် သူ့အစ်ကို အိမ်ရှေ့တွင်တီဗီဖွင့်ကာ ဟာသကားကြည့်နေစဉ် သူ့မိဘနှစ်ပါးက စကားများနေကြသဖြင့် ဇာတ်ကားထဲမှ ရယ်စရာများကိုပင် မရယ်နိုင်အောင် စိတ်ထိခိုက်ရလေသည်။ ယခု သည်မှာတော့ ဖုန်းသေးသေးလေးနှင့် ပျော်စရာမိသားစု ကမ္ဘာလေးသည် သူ့မိသားစုထက် များစွာတန်ဖိုးရှိနေသည်ကို ရတီစိုး သိချင်မှသိလိမ့်မည်ထင်သည်။

"ရတီစိုးရေ နင်သိပ်အထင်ကြီးနေတဲ့ ငါ့ရဲ့ အပေါ်ယံအဆင်တန်ဆာတွေနဲ့ ခြုံလွှမ်းထားတဲ့ စိတ်ညစ်စရာမိသားစုနဲ့ နင်ပိုင်ဆိုင်ထားတဲ့ ပျော်စရာတွေနဲ့ လဲမလားဟုမေးတဲ့အခါ နင်ဘယ်လိုပြန်ဖြေမလဲဆိုတာ ငါကြားချင်မိပါတယ် သူငယ်ချင်းရယ်"

မြတ်နိုးမေက ရတီစိုးတို့မိသားစု စိတ်ချမ်းသာစွာနှင့်နေထိုင်ကြပုံ၊ ရင်းနှီးပွင့်လင်းပုံ၊ တစ်ဦးနှင့်တစ်ဦးမေတ္တာထားတတ်ကြပုံကို ကြည့်၍ စိတ်ထဲ တိတ်တခိုး ဝိတိဖြစ်သည်ကတစ်ဖက် မိမိ၏ မိသားစုအကြောင်း တွေးမိလျှင် ဝမ်းနည်းမိပြန်ပါတော့သည်။

"ငါလဲ နင့်လိုမိသားစုမျိုး ပိုင်ဆိုင်လိုက်ချင်တာ" ထိုသို့ စိတ်ထဲမှ တွေးတောလျက် မြတ်နိုးမေ၏စိတ်တို့သည် အဝေးသို့လွင့်ပျံ့လျက်ရှိလေသည်။

ငြိမ်းချမ်းဖို့

- နိုင်ငံတော် ဦးတည်ချက်ကိုလ
ဖျက်ဆီးလျက် ဆန့်ကျင်နေ၊
တိုးတက်ရာ အသိမထား
ငြင်းပွားမှုတွေ၊
လူမိုက်တို့ စိတ်ဓာတ်အခြေ
နိမ့်ပါးပေ ပြိုလဲ၊
ရာဇဝင် စာတင်ရှုံးတယ်
ပျက်သုဉ်းလို့မြဲ။

- မျိုးချစ်ဆွေ သတိလွတ်
မိုက်မဲဇွတ် ရမ်းကားပို၊
ငြိမ်းချမ်းစွာ နေထိုင်ရေး
လေးစားစေလို၊
အနာဂတ် ကောင်းဖို့ကြို
နိုင်ငံတော်ကို လေးစား၊
ပညာရှင် ပညာရှိကို
အသိမှတ်ပြုထား။

- မရောင်ရာ ဆီမလူးနဲ့
သူရူးတို့ ဟစ်အော်နေ၊
အချိန်ကုန် အလုပ်ပျက်
ဆိုးဘက်သို့လေ၊
အလုပ်ခွင်သို့ရှိပါစေ
တာဝန်တွေ ကျေပွန်ကြ၊
ပြည်သူကို အကျိုးပြုလို့
တွေးရှုပါဗျ။ ။

မောင်စစ်သွေး

နတ်တလင်းမြို့နယ် ညောင်သုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်တလင်း မေ ၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်သုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်သုံးပင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၄၂ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၁၃ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ် ၅၅ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လျက်ရှိသော ဂျပန်နှင့်မွန်ဂိုလီးယား

မွန်ဂိုလီးယားနိုင်ငံ၏လက်တွေ့ကျသော နိုင်ငံခြားရေးမူဝါဒနှင့် ကမ္ဘာလုံးဆိုင်ရာ ထိတွေ့ဆက်ဆံမှုတို့နှင့်အတူ တိုင်းပြည်၏ကာကွယ်ရေးကဏ္ဍ ခေတ်မီအဆင့်မြှင့်တင် တည်ဆောက်ခြင်းသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေးအတွက် မျှားစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် မွန်ဂိုလီးယားနိုင်ငံသည် ၎င်း၏ကာကွယ်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန် ပြည်ပအထောက်အပံ့များကို ကြိုးပမ်းရှာဖွေလျက်ရှိသည်။ မွန်ဂိုလီးယား၏ ဒေသတွင်းမိတ်ဖက်နိုင်ငံများအနက် ဂျပန်နိုင်ငံသည် မွန်ဂိုလီးယား၏ကာကွယ်ရေးကဏ္ဍ ခေတ်မီအောင်တည်ဆောက်ခြင်းတွင် အရေးပါသော အခန်းကဏ္ဍမှ တိုးမြှင့်ပါဝင်လျက်ရှိသည်။

မွန်ဂိုလီးယား၏ကာကွယ်ရေးကဏ္ဍတွင် တစ်မူထူးခြားသောအချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းပြည်ကို စစ်ရေးမဟာမိတ်ဖွဲ့ခြင်း သို့တည်းမဟုတ် တိုင်းပြည်အတွင်း ပြည်ပတပ်ဖွဲ့များအခြေစိုက်ခွင့်ပြုခြင်းတို့ကို တားမြစ်ထားခြင်းပင်ဖြစ်သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မွန်ဂိုလီးယားနိုင်ငံ၏ကာကွယ်ရေးကဏ္ဍနှင့် စွမ်းဆောင်ရည်များကို ကူညီရန်ဆန္ဒရှိနေသော ပြည်ပမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို ကျယ်ပြန့်စွာ ဆောင်ရွက်ခွင့်ပြုထားသည်။ ထို့ကြောင့် နည်းပညာမြင့်မားသည့်ကာကွယ်ရေးကဏ္ဍကို ပိုင်ဆိုင်ထားသောဂျပန်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံအတွက် အရေးပါသောမိတ်ဖက်ဖြစ်လျက်ရှိသည်။

၂၀၁၀ ပြည့်နှစ်တွင် မဟာဗျူဟာမြောက်မိတ်ဖက်များဖြစ်လာကတည်းက မွန်ဂိုလီးယားနှင့်ဂျပန်နိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း မွန်ဂိုလီးယားသမ္မတ၏ ဂျပန်နိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံအစိုးရများသည် ၎င်းတို့၏ ၂၀၁၀ ပြည့်နှစ် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ဇြမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မဟာဗျူဟာမြောက် အထူးမိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ခဲ့ပြီး ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုကို ဒေသရေးရာများသာမက ကမ္ဘာလုံးဆိုင်ရာရေးရာများထိပါ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

၂၀၂၄ ခုနှစ်တွင် မွန်ဂိုလီးယားကာကွယ်ရေးဝန်ကြီးနှင့် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီးတို့သည် နှစ်နိုင်ငံအစိုးရများကြား ကာကွယ်ရေးပစ္စည်းနှင့် နည်းပညာလွှဲပြောင်းရေးဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါလက်မှတ်ရေးထိုးမှုသည် နှစ်နိုင်ငံကြား ကာကွယ်ရေးနှင့် သံခင်းတမန်ခင်းဆက်ဆံရေးတို့တွင် ထူးခြားသောမှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီး ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအဆင့်မြှင့်တင်ရေးအတွက် အုတ်မြစ်ချနိုင်ခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံတွင် ကာကွယ်ရေးဆိုင်ရာ ပိုင်းတွင်အဆင့်မြှင့်တင်ရန် လိုအပ်ချက်ကြီးမားလာခြင်းနှင့် ဒေသတွင်းတည်ငြိမ်ရေးအတွက် ဂျပန်နိုင်ငံ၏စည်ဆက်မပြတ်ကြိုးပမ်းမှုများကြောင့် အဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံစလုံး၏ မဟာဗျူဟာမြောက်အကျိုးစီးပွားကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

လက်ရှိ ပထဝီနိုင်ငံရေးဆိုင်ရာအခြေအနေများကြောင့် စစ်ရေးစွမ်းဆောင်ရည်ကန့်သတ်ချက်ရှိနေသည့် နိုင်ငံငယ်ဖြစ်သော မွန်ဂိုလီးယားနိုင်ငံသည် ၎င်း၏အိမ်နီးချင်းများ၊ သို့တည်းမဟုတ် ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမည်မဟုတ်ချေ။ မွန်ဂိုလီးယားနိုင်ငံသည် ရုရှား၊ တရုတ်တို့နှင့် သာလျှင် နယ်မြေထိစပ်လျက်ရှိပြီး ၎င်းနှစ်နိုင်ငံသည် ထူးခြားသော ပထဝီနိုင်ငံရေးနှင့် နျူကလီးယားပိုင်ဆိုင်ထားသောနိုင်ငံကြီးများဖြစ်နေသည်။ ၂၀၂၅ ခုနှစ်တွင် မွန်ဂိုလီးယားနိုင်ငံသည် ကမ္ဘာ့တိုက်စွမ်းအားအဆင့်သတ်မှတ်ချက်၌ ၁၄၅ နိုင်ငံတွင် အဆင့် (၉၈) ၌သာရပ်တည်နေပြီး ရုရှားနှင့်တရုတ်တို့သည် အဆင့်(၂)နှင့်(၃)တို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

မြောက်ကိုရီးယား၏ နျူကလီးယားစွမ်းဆောင်

ဂျပန်နိုင်ငံနှင့်မွန်ဂိုလီးယားနိုင်ငံဆိုင်ရာကာကွယ်ရေးဝန်ကြီးများတွေ့ဆုံစဉ်။

ရည်အပေါ် စိုးရိမ်ပူပန်မှုမြင့်တက်လာခြင်းနှင့်အတူ အရှေ့မြောက်အာရှဒေသလုံခြုံရေးဆိုင်ရာပြောင်းလဲဖြစ်ပေါ်လာမှုသည် ပိုမိုသိမ်မွေ့ရှုပ်ထွေးလာလျက်ရှိပြီး မွန်ဂိုလီးယားနိုင်ငံသည် ၎င်း၏ကာကွယ်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်သွားရန် လိုအပ်လာလျက်ရှိသည်။ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားမှု၊ ဆိုက်ဘာရာဇဝတ်မှုကဲ့သို့သော သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများသည်လည်း မွန်ဂိုလီးယားနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည်။

ထို့ကြောင့် မွန်ဂိုလီးယားနိုင်ငံသည် ၎င်း၏တပ်ဖွဲ့များ ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် ၎င်း၏ကိုယ်ပိုင်ကာကွယ်ရေးအပြင် ဒေသတွင်းနှင့်နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့တွင်လည်း ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အဆိုပါကြိုးပမ်းမှုသည် ဂျပန်ကဲ့သို့သော နည်းပညာမြင့်မားသောနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံနှင့် ချုပ်ဆိုထားသော ကာကွယ်ရေးပစ္စည်းလွှဲပြောင်းရေး သဘောတူညီချက်သည် မွန်ဂိုလီးယားနိုင်ငံကို စောင့်ကြည့်ရေဒါ၊ လေကြောင်းထိန်းချုပ်ရေးရေဒါစနစ်များ၊ ကင်းထောက်ဒရုန်းများနှင့် အခြားသော နည်းပညာမြင့် စစ်ရေးပစ္စည်းများကဲ့သို့သော ကာကွယ်ရေးဆိုင်ရာအဆင့်မြင့်နည်းပညာနှင့် အသုံးအဆောင်ပစ္စည်းများရရှိစေနိုင်မည်ဖြစ်သည်။ မွန်ဂိုလီးယားနိုင်ငံ၏ ကုန်းတွင်းပိတ် ပတ်ဝန်းကျင်အခြေအနေကြောင့် အဆိုပါ ခေတ်မီကာကွယ်ရေးပစ္စည်းများသည် နယ်စပ်ထိန်းချုပ်မှုစွမ်းဆောင်ရည်များ တိုးတက်လာစေမည်ဖြစ်သောကြောင့် မွန်ဂိုလီးယားနိုင်ငံကို အလားအလာရှိသော ခြိမ်းခြောက်မှုများ စောင့်ကြည့်ရန်အပြင် လူမှောင်ခိုကူးမှုနှင့် နယ်စပ်ဖြတ်ကျော်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကိုဖြေရှင်းနိုင်စေမည်ဖြစ်သည်။ အဆိုပါစွမ်းဆောင်ရည်များပူးပေါင်းဆောင်ရွက်နိုင်ခြင်းသည် တိုင်းပြည်၏အမျိုးသားကာကွယ်ရေး အခြေခံအဆောက်အအုံကို ခိုင်မာအားကောင်းစေမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ဒေသတွင်းလုံခြုံရေးတွင် ကာလရှည်ကြာပါဝင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ယခင်ဝန်ကြီးချုပ်ဟောင်း ဖူမီယိုကီရှိဒါ လက်ထက်တွင် ဂျပန်နိုင်ငံသည် တိုင်းပြည်၏ကာကွယ်ရေးစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် အာရုံစိုက်ဆောင်ရွက်ခဲ့ပြီး စိတ်တူကိုယ်တူနိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေးခိုင်မာအားကောင်းအောင်ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံအတွက်မူ မွန်ဂိုလီးယားနိုင်ငံနှင့် ၂၀၂၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သော စာချုပ်သည် အင်ဒို-ပစိဖိတ်ဒေသ၌ ၎င်း၏လုံခြုံရေးခြေလှမ်းတိုးချဲ့ရန်နှင့် အခြားသောနိုင်ငံများနှင့် မဟာမိတ်ဖွဲ့မှုမြှင့်တင်ရန် ကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ မဟာဗျူဟာမြောက်မျှော်မှန်းချက်သည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ကို ဗဟိုပြုလျက်ရှိသည်။ ၎င်းသဘောတရားသည် အင်ဒို-ပစိဖိတ်ဒေသတွင် လုံခြုံရေး၊ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်နှင့် တရားဥပဒေစိုးမိုးရေးတို့ပင်ဖြစ်သည်။ တောင်တရုတ်ပင်လယ်နှင့် တရုတ်(တိုင်ပေ)အရေးတို့နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ အခိုင်အမာတောင်းဆိုမှုများ ကြီးထွားလာခြင်းနှင့် မြောက်ကိုရီးယား၏ စစ်ရေးတည်ဆောက်မှုတို့ကြောင့် ဂျပန်အပါအဝင် ဒေသတွင်းနိုင်ငံများကို စိုးရိမ်ပူပန်မှုမြင့်တက်စေလျက်ရှိသည်။ ဂျပန်နိုင်ငံ၏ လက်ရှိလုံခြုံရေးဆိုင်ရာသည် ဒုတိယကမ္ဘာစစ်ပြီးကတည်းက အဆိုးရွားဆုံးအခြေအနေအဖြစ် အခိုင်အမာဖော်ပြလျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် အိန္ဒိယ၊ ဩစတြေးလျ၊ ဗီယက်နမ်တို့အပြင် မွန်ဂိုလီးယားကဲ့သို့သော ဘက်မလိုက်နိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေးတိုးချဲ့ရန် ကြိုးပမ်းလျက်ရှိသည်။

မွန်ဂိုလီးယားနိုင်ငံသို့ ကာကွယ်ရေးဆိုင်ရာ နည်းပညာလွှဲပြောင်းပေးမည်ဆိုသော ဂျပန်နိုင်ငံ၏ ဆောင်ရွက်မှုသည် ဂျပန်နိုင်ငံနှင့်မွန်ဂိုလီးယားနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာအားကောင်းစေမည့်အပြင် ဒေသတွင်း တည်ငြိမ်မှုနှင့်လုံခြုံမှုခိုင်မာသေချာစေရန် အခိုင်အမာဆုံးဖြတ်ထားကြောင်းကိုလည်း တရုတ်၊ ရုရှားနှင့်မြောက်ကိုရီးယားအပါအဝင် အခြားသောဒေသတွင်း နိုင်ငံများကို သတင်းစကားပါးလိုက်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံအတွက်မူ မွန်ဂိုလီးယား၏ကာကွယ်ရေးစွမ်းဆောင်ရည်များကို ပံ့ပိုးကူညီခြင်းသည် ဒေသတွင်း၌ တရုတ်နှင့်ရုရှားတို့၏လွှမ်းမိုးမှုတို့ကို တန်ပြန်ဟန်ချက်ထိန်းညှိစေနိုင်မည်ဖြစ်သည်။ ထို့ပြင် မွန်ဂိုလီးယားနိုင်ငံကို ၎င်း၏အင်အားကြီးအိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ ခေတ်မီအဆင့်မြှင့်တင်ခြင်းတွင် ဂျပန်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုသည် စစ်ရေးဆိုင်ရာကြားနေဝါဒ ဆက်လက်ထိန်းသိမ်းထားနိုင်ရေးနှင့် စွမ်းဆောင်ရည်များမြှင့်တင်ရေးဆိုသည့် တိုင်းပြည်၏စိတ်ဆန္ဒနှင့်ကိုက်ညီလျက်ရှိသည်။ မွန်ဂိုလီးယားနိုင်ငံသည် မည်သည့်စစ်ရေးမဟာမိတ်အဖွဲ့၏ အစိတ်အပိုင်းဖြစ်လိုသည့်ဆန္ဒမရှိသော်လည်း ၎င်း၏အချုပ်အခြာအာဏာခိုင်မာသေချာစေရန် ကာကွယ်ရေးဆိုင်ရာ ခေတ်မီအဆင့်မြှင့်တင်ခြင်း၏ အရေးပါမှုနှင့် ဒေသတွင်းငြိမ်းချမ်းမှုထိန်းသိမ်းရေး ကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းတို့ကို သဘောပေါက်နားလည်ထားသည်။

ဂျပန်နှင့်မွန်ဂိုလီးယား နှစ်နိုင်ငံစလုံးအတွက် စွမ်းဆောင်ရည်များမြှင့်တင်ရန် ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက်တစ်ခုလည်းရှိနေသည်။ အင်ဒို-ပစိဖိတ်ဒေသသည် ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာမြောက် ယှဉ်ပြိုင်မှု၏ အဓိကနေရာဖြစ်လာလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်-မွန်ဂိုလီးယား ကာကွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးမှုသည် ကျယ်ပြန့်သောပထဝီနိုင်ငံရေးဆိုင်ရာ အလားအလာကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

တရုတ်နှင့်ရုရှားကြားတွင် မွန်ဂိုလီးယားနိုင်ငံ၏ မဟာဗျူဟာမြောက်တည်ရှိမှုသည် ပြောင်းလဲဖြစ်ပေါ်နေသော လုံခြုံရေးဆိုင်ရာအခင်းအကျင်း၌ နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ မွန်ဂိုလီးယားနိုင်ငံသည် အစဉ်အလာအားဖြင့် ကြားနေရေးရပ်တည်ချက်ကို ထိန်းသိမ်းထားသကဲ့သို့ ဒေသတွင်း လုံခြုံတည်ငြိမ်မှုသည် အကောင်းဆုံးအကျိုးစီးပွားဖြစ်ကြောင်း နားလည်သဘောပေါက်လျက် ကာကွယ်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုရှာဖွေရာ၌ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာလျက်ရှိသည်။

အရှေ့အာရှနှင့်စပ်လျဉ်း၍ ဒေသတွင်းအဓိက အင်အားကြီးနိုင်ငံဖြစ်သော ဂျပန်နိုင်ငံနှင့်မိတ်ဖက်ဆက်ဆံရေးထူထောင်ထားခြင်းသည် မွန်ဂိုလီးယားနိုင်ငံကို ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်နိုင်မည့်နောက်ဆုံးပေါ် ကာကွယ်ရေးနည်းပညာများရရှိစေနိုင်မည်ဖြစ်သည်။ ထို့ပြင် မွန်ဂိုလီးယားနိုင်ငံအနေဖြင့် အိမ်နီးချင်းအင်အားကြီးနိုင်ငံများကို ခေတ်လွန်စစ်လက်နက်ပစ္စည်းများလည်း ခေတ်မီအဆင့်မြှင့်တင်နိုင်မည့် အခွင့်အလမ်းရရှိစေမည်ဖြစ်သည်။

ကိုးကား

- Why Japan and Mongolia Are Expanding Defense Capability Cooperation by The Diplomat.

ဝင်းဇင်(သုတေသန)

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးမည်

ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘို မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၈၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလတတိယပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားမှာပါ။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီးနှံတွေ ဖြစ်ပါတယ်။ တောင်သူတွေစိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေပေးမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖုံးလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်လေးကျေးရွာ၌ ကျေးရွာတွင်းဂဝံခင်းခြင်း ပြီးစီးမှုစစ်ဆေး

သနပ်ပင် မေ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်ပဒိုင်လေးကျေးရွာအုပ်စု ကျိုက်ပဒိုင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း မိခင်စုအဝိုင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျိုက်ပဒိုင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်ငွေတို့ဖြင့်ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း မိခင်စုအဝိုင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ကျိုက်ပဒိုင်လေးကျေးရွာ၌ လမ်းအရှည် ၉၁၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း မိခင်စုအဝိုင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ ငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း မိခင်စုအဝိုင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် ကျိုက်ပဒိုင်လေးကျေးရွာရှိ အိမ်ခြေ ၃၁ဖြမ့ လူဦးရေ ၂၁၀၁ တို့သည် ရာသီမရွေးသွားလာရ လွယ်ကူလာမည်ဖြစ်ပြီး ကျန်းမာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း အကျိုးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း မေ ၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကိုဝယ်ယူ ကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့တစ်လအတွင်းမှာ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိဒေသထွက် မိုးစပါးလက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလဲ အတက်အကျမရှိပုံမှန်ရှိနေပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဆန်တွေအဝယ်လိုက်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကားအင်္ဂါးလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများလုပ်ငန်း အဆင်ပြေလည်ပတ်လျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

စလင်း မေ ၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများသည် ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေ ၆ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ ရေးသွင်းထားမှုရှိ၊ မရှိ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါပုလဲကုန်းကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခု စတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စု ၁၂၀ အတွက် ငွေကျပ် ၃၂ဒသမ ၇ သန်းထုတ်ချေးပေးကာ တစ်ဖက်တစ်လမ်းမှ မိသားစုဝင် ငွေပိုမိုတိုးပွားလာစေရန် ငွေကြေးသာမက အခြားလိုအပ်သောအကူအညီများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး

မင်းဘူးမြို့နယ် ဧီးဖြူကုန်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

မင်းဘူး မေ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၆ ရက် နံနက်ပိုင်းက ဧီးဖြူကုန်းကျေးရွာမမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က သင်တန်းအမှာစကားပြောကြားပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုမှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့်သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို မေ ၆ ရက်မှ ဇွန် ၁၉ ရက်ထိ ၄၅ ရက်ကြာ စာတွေ့၊လက်တွေ့ဖြင့် အခမဲ့သင်ကြား ပို့ချလျက်ရှိကြောင်း သိရသည်။

ဇင်မာ

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ဂျော်ဒန်နိုင်ငံတောင်ပိုင်းရှိ ပီထရာမြို့ဟောင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေလွှမ်းမိုးမှုဖြစ်ပေါ်

အမန် မေ ၇

ဂျော်ဒန်နိုင်ငံ တောင်ပိုင်းရှိ ကမ္ဘာလှည့် ခရီးသွားများ လာရောက်လည်ပတ်ရာ ပီထရာမြို့ဟောင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း ဂျော်ဒန်နိုင်ငံ အာဏာပိုင်များက မေ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် ဂျော်ဒန်နိုင်ငံတောင်ပိုင်း ပီထရာမြို့ဟောင်းတွင် လာရောက်လည်ပတ်နေသော ခရီးသွားဦးရေ ၄၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဂျော်ဒန်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရုတ်တရက် ရေလွှမ်းမိုးမှုဖြစ်ပွားချိန်တွင် ကမ္ဘာလှည့်ခရီးသွား ၁၈ ဦးပါဝင်သည့် အဖွဲ့မှ အဖွဲ့သားတချို့ ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ချက်ချင်းရှာဖွေကယ်ဆယ်ရေးများပြုလုပ်ခဲ့ရာ ခရီးသွား ၁၄ ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး ကလေးငယ်သုံးဦးနှင့် မိခင်ဖြစ်သူမှာ ပျောက်ဆုံးနေကြောင်း၊ မေ ၆ ရက်တွင် ကလေးငယ်နှစ်ဦးကို အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့သော်လည်း ယနေ့တွင် မိခင်ဖြစ်သူနှင့် ကျန်ကလေးတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ ပြောကြားချက်အရ သိရသည်။

ခြောက်သွေ့သော ကန္တာရ ချိုင့်ဝှမ်းများရှိရာ ဂျော်ဒန်နိုင်ငံတောင်ပိုင်း ပီထရာမြို့ဟောင်းတွင် ရုတ်တရက်ရေကြီးခြင်းကို ကြုံတွေ့ရလေ့ရှိပြီး အလွန်အန္တရာယ်များကြောင်း၊ ထိုသို့ ရုတ်တရက် ရေကြီးမှုကြောင့် ဂျော်ဒန်နိုင်ငံတွင် ၂၀၁၈ ခုနှစ်က လူဦးရေ ၃၀ ကျော် သေဆုံးခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အနည်းဆုံး သုံးဦး သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့

နယူးဒေလီ မေ ၇

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် မေ ၆ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း ဂူဂျာရတ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုမျိုးဖြင့်ရင်ဆိုင်နေရပြီး ပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် ရေဘေးအန္တရာယ်ကို ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ ဂူဂျာရတ်ပြည်နယ်အတွင်းရှိ ဒေသများအနက် ဒေသပေါင်း ၁၆၈ ခုတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်ပြီး လေတိုက်နှုန်းလည်း မြင့်မားခဲ့ကြောင်း၊ ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုဖြစ်သကဲ့သို့ လေပြင်းမုန်တိုင်းအသွင်မျိုးဖြစ်သည့်အတွက် စိုက်ခင်း အမြောက်အမြားလည်း ပျက်စီးခဲ့ကြောင်း အိန္ဒိယမိုးလေဝသဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်။

"လေပြင်းမုန်တိုင်းအသွင်မျိုးနဲ့ မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍမှာ ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ စိုက်ခင်းတွေ ပျက်စီးသွားခဲ့ပြီးတော့ ပျက်စီးမှုကိုလဲ စိစစ်နေဆဲဖြစ်ပါတယ်။ ပျက်စီးတဲ့စာရင်းအတိအကျသိရရင် ပြည်နယ်အာဏာပိုင် အဖွဲ့အစည်းထံကို သတင်းပို့ တင်ပြသွားမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန၏ အတွင်းရေးမှူး အန်ဂျူရှာမာက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှု အခြေအနေ ပြောင်းလဲမှုပေါ်မူတည်၍ ရေဘေး အန္တရာယ် သတိပေးချက်များကို သတ်မှတ်ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

အီရတ်နိုင်ငံ ကာဒီစတန်နယ်မြေတွင် သဲမုန်တိုင်းဆက်တိုက်ဝင်ရောက်မှုဖြင့် ရင်ဆိုင်ရနိုင်ကြောင်း EPU မှ သုတေသီများက သတိပေးချက်ထုတ်ပြန်

ဘဂ္ဂဒက် မေ ၇

အီရတ်နိုင်ငံ ကာဒီစတန်နယ်မြေတွင် မကြာမီကာလအတွင်း သဲမုန်တိုင်း အကြိမ်မြောက်မြားစွာ ဆက်တိုက်ဝင်ရောက်လာနိုင်ကြောင်း အာဘီလ်ပိုလီတက္ကနစ်တက္ကသိုလ်(EPU)မှ သုတေသီများက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကာဒီစတန်နယ်မြေတွင် သဲမုန်တိုင်း ဆက်တိုက်ဝင်ရောက်လာမည့်ကာလတွင် အာဘီလ်မြို့ကို ဗဟိုပြု၍ ဝင်ရောက်လာနိုင်ပြီး သဲမုန်တိုင်းအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်ရဖွယ်ရှိနေသည့် ဧရိယာမှာလည်း အာဘီလ်မြို့ဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် မိုးရာသီကာလ ဝင်ရောက်လာတော့မည်ဖြစ်သော်လည်း မိုးမရွာသွန်းမီ သဲမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်သွားရမည် ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သင့်ကြောင်း သုတေသီများက သတိပေးထားသည်။

"ဒီနှစ်ထဲမှာတော့ သဲမုန်တိုင်းတွေ အကြိမ်ပေါင်းများစွာဆက်တိုက်ပုံစံနဲ့ ဝင်ရောက်လာနိုင်ပါတယ်။ ကာဒီစတန်နယ်မြေကို ဝင်ရောက်မှာဖြစ်ပြီး အာဘီလ်မြို့ကို ဗဟိုပြုပြီး တိုက်ခတ်လာမှာ ဖြစ်ပါတယ်။ သဲမုန်တိုင်းဟာ အာဘီလ်မြို့ကို အဓိက ဒုက္ခပေးနိုင်ပါတယ်။ အီရတ်နိုင်ငံအနေနဲ့ ရာသီဥတု ဖောက်ပြန်မှုကြောင့် ခြောက်သွေ့တဲ့ ဆောင်းရာသီကာလကို ကျော်ဖြတ်ခဲ့ပြီး အခုပုံမှန်မဟုတ်တဲ့ သဲမုန်တိုင်းနဲ့ ရင်ဆိုင်ရတော့မယ်။ မိုးရာသီလဝင်ရောက်လာတော့မှာဖြစ်တယ်။ မိုးရာသီမရောက်မီ သဲမုန်တိုင်းနဲ့ ရင်ဆိုင်ရမဲ့ပြဿနာကို အရင်ဆုံးပြင်ဆင်သင့်တယ်။ သဲမုန်တိုင်းဟာ ကိုးကြိမ်လောက်ထိ ဝင်ရောက်တိုက်ခတ်လာနိုင်ပါတယ်" ဟု အာဘီလ်ပိုလီတက္ကနစ်တက္ကသိုလ်(EPU)မှ သုတေသီ ရီဘင်ဆာမတ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

တရုတ်နိုင်ငံ ဟဲနန်ပြည်နယ်တွင် အပူချိန်မြင့်တက်မှုက စိုက်ပျိုးရေးလုပ်ငန်းများကို ခြိမ်းခြောက်နေ

ပေကျင်း မေ ၇

တရုတ်နိုင်ငံ ဟဲနန်ပြည်နယ် ၏ ယနေ့အပူချိန်သည် ၃၀ ဒီဂရီစင်တီဂရိတ်ကျော်နေပြီး ထိုသို့အပူချိန်မြင့်တက်မှုက စိုက်ပျိုးရေးလုပ်ငန်းများကို ခြိမ်းခြောက်နေသည့်အတွက် ပြည်နယ်အာဏာပိုင်များက အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ၏ စပါးကျီဟူလူသိများသော အဓိက ဂျုံနှင့်စပါး စိုက်ပျိုးရာဒေသဖြစ်သော ဟဲနန်ပြည်နယ်တွင် အပူချိန်မြင့်တက်နေပြီး ခြောက်သွေ့ပူပြင်းသော လေပူများ တိုက်ခတ်နေသဖြင့် ဂျုံသီးနှံများ ဖြစ်ထွန်းမှုကို ခြိမ်းခြောက်နေကြောင်း၊ မေ ၁၁ ရက်မှ ၁၃ ရက်အတွင်း အပူချိန်သည် ၃၅ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်သွားဖွယ်ရှိပြီး ဂျုံနှင့် စပါး စိုက်ပျိုး၊ ရိတ်သိမ်းမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်ဟု ဒေသဆိုင်ရာအစိုးရ ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

တရုတ်နိုင်ငံ ဟဲနန်ပြည်နယ်တွင် မေလနှောင်းပိုင်းနှင့် ဇွန်လ လယ်ကြားတွင် ဂျုံနှင့် စပါးများကို ရိတ်သိမ်းလေ့ရှိပြီး အပူချိန်မြင့်တက်မှုက အထွက်နှုန်းနှင့်အရည်အသွေးကို ထိခိုက်စေကြောင်း၊ ထို့ပြင် မိုးခေါင်ရေရှားပါးမှုကလည်း စိုက်ပျိုးရေးလုပ်ငန်းကို အကျပ်အတည်း ဖြစ်စေကြောင်း တရုတ်နိုင်ငံ၏ ရေအရင်းအမြစ်ဝန်ကြီးက ပြောကြားခဲ့သည်။

လက်ရှိတွင် စိုက်ဧရိယာများကို ဆည်ရေသွင်း စိုက်ပျိုးထားသော်လည်း ခြောက်သွေ့သော အခြေအနေများသည် အထွက်နှုန်းအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုရှိကြောင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

မြောက်ကျောင်ဆန်စီရင်စုတွင် တောမီးဒဏ်သင့် ပြန်လည်ထူထောင်ရေးအတွက် တောင်ကိုရီးယားအစိုးရက ဝမ် ၁ ဒသမ ၈ ထရီလီယံခွင့်ပြု

ဆိုးလ် မေ ၇

တောင်ကိုရီးယားနိုင်ငံ မြောက်ကျောင်ဆန်စီရင်စုတွင် မတ်လက အဆိုးရွားဆုံးသောတောမီးလောင်ကျွမ်းမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ပြီး နောက်တောင်ကိုရီးယားအစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် မေ ၆ ရက်တွင် ဝမ် ၁ ဒသမ ၈ ထရီလီယံကို တရားဝင် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့က အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဘတ်ဂျက်ခွင့်ပြုပေးရေးကို အစိုးရထံသို့ တင်ပြတောင်းခံခဲ့ပြီးနောက် တောင်ကိုရီးယားအစိုးရက Central Disaster and Safety Countermeasure Headquarters မှ တာဝန်ရှိသူတချို့စေလွှတ်ကာ မြေပြင်တွင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်စေခဲ့ကြောင်း၊ သဘာဝဘေးဒဏ်သင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အများဆုံးခွင့်ပြုပေးခဲ့သည့် ဘတ်ဂျက်ပမာဏ တစ်ရပ်ဖြစ်ကြောင်း သိရသည်။

"ပြန်လည် ထူထောင်ရေးအတွက် အစိုးရက ဘတ်ဂျက်တရားဝင် ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ နေအိမ်တွေ ပျက်စီးဆုံးရှုံးခဲ့ရတဲ့ ပြည်သူတွေအတွက် နေအိမ် အမြန်ဆုံးပြန်လည်တည်ဆောက်ပေးသွားမယ်" ဟု မြောက်ကျောင်ဆန်စီရင်စု ဝန်ကြီးချုပ် လီချောဝူက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

မြေပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဝင်ငွေပိုမိုရရှိရေး

ခင်ထားနွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ ဘက်ပေါင်းစုံမှဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတွက် နိုင်ငံတော်အကြီးအကဲဘက်မှ အဓိကသီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန် လမ်းညွှန်ပေးထားပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း စပါးပိုလျှံရမည်။ ဆီထွက်သီးနှံဖူလုံရမည်။ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်ထုတ်လုပ် တင်ပို့နိုင်ရမည်ဟူသော ရည်မှန်းချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဓိကသီးနှံများထဲက တစ်ခုဖြစ်သော မြေပဲတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၇၀ နှုန်းထွက်ရှိရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဝင်ငွေပိုမိုရရှိရေးအတွက်ရည်ရွယ်ပြီး နွားထိုးကြီးမြို့နယ်၏ မြေပဲစိုက်ပျိုးမှုကို ရေးသားဖော်ပြလိုက်ပါသည်။

နွားထိုးကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မြေပဲသီးနှံ ဒေါ်ပုဂ္ဂ ဧကကို ကျေးရွာဒေါ်အုပ်စုတွင် စိုက်ပျိုးနိုင်ခဲ့ပြီး ပန်းတိုင်အထွက်နှုန်းရရှိခဲ့ပါသည်။ မြေပဲသီးနှံကို စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်များမှာ-

(၁) တောင်သူများအား မြေပဲသီးနှံစိုက်ပျိုးသည့် နည်းစနစ်ကို ကျယ်ပြန့်စွာ သိရှိလိုက်နာဆောင်ရွက်တတ်စေရန်။

(၂) တောင်သူများ မြေပဲသီးနှံကို စနစ်တကျ စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းတိုးတက်လာစေခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိလာစေရန်။

(၃) ဆီထုတ်လုပ်မှုကိုအထောက်အကူပြုစေရန်။

(၄) သီးထပ်သီးညှပ်များ စိုက်ပျိုးလာခြင်းဖြင့် ယူနစ်ဧရိယာပေါ်တွင်သီးနှံစိုက်စွမ်းအား တိုးမြှင့်လာစေရန်။

(၅) ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်နိုင်ပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန်။

(၆) ဒေသနှင့်ကိုက်ညီသော မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရန်ဖြစ်ပါသည်။

နွားထိုးကြီးမြို့နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် မြေပဲသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက်များကို ငွေးပင်တောအုပ်စု ငွေးပင်တောကျေးရွာ မြို့မအုပ်စု အမှတ်(၈) ရပ်ကွက်နှင့် အမှတ်(၆) ရပ်ကွက်ရှိ တောင်သူများနှင့်ပူးပေါင်း၍ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ နွားထိုးကြီးမြို့နယ်သည် မြင်းခြံစိုက်ပျိုးရေးသုတေသနခြံမှ ထုတ်လုပ်သော ဆင်းပဒေသာ (၁၁) မျိုးသန့်နှင့် ဒေသမျိုးဖြစ်သော (SP –121) ကျောင်းကုန်းပင်ပြန့် မျိုးများကိုသာ အဓိကထား စိုက်ပျိုးလျက်ရှိပါသည်။

နွားထိုးကြီးမြို့နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် မြေပဲသီးနှံကို ပန်းတိုင်အထွက်နှုန်းဖြစ်သော တစ်ဧကအထွက်နှုန်းတင်း ၇၀ ရရှိအောင် အောက်ပါစိုက်နည်းစနစ်များဖြင့် မှန်ကန်စွာဆောင်ရွက်ခဲ့ပါသည်။

(က) စိုက်ချိန်

မိုးမြေပဲကို မေ ၁၅ ရက်မှ ဩဂုတ်လ ၁၅ ရက်အတွင်းနှင့် ဆောင်းမြေပဲကို စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာလကုန်ထိ စိုက်ပျိုးလျက်ရှိပါသည်။ မိုးရေချိန်မှာ ပုံမှန်အားဖြင့် ရွာရက် ၅၀ နှင့် မိုးရေချိန်လက်မ ၂၉ ဒသမ ၃၇ လက်မ ရှိပါသည်။ မြေပဲသီးနှံသည် မိုးခေါင်မှုဒဏ်ခံနိုင်သောကြောင့် အပူပိုင်းဒေသရှိတောင်သူများမှာ ပိုမိုအလေးထား စိုက်ပျိုးလျက်ရှိပါသည်။ မြေပဲသီးနှံကို သီးသန့်စိုက်ပျိုးခြင်း၊ နှမ်းသီးနှံ၊ ပဲစင်းငုံသီးနှံများ၊ ကျွဲစာ၊ နွားစာများနှင့်လည်း သီးညှပ်စိုက်ပျိုးခြင်း၊ မြေပဲပြီးမြေပဲ သီးထပ် စိုက်ပျိုးကြပါသည်။

(ခ) မြေအမျိုးအစား

နွားထိုးကြီးမြို့နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် မြေပဲသီးနှံကို ရေသွင်း၊ ရေထုတ်လွယ်ကူစေသော မြေနီသဲဝန်းမြေများတွင် စိုက်ပျိုးကြပါသည်။ တောင်သူများမှာ မိုးရေကိုသာ အားထားပြီး စိုက်ပျိုးလျက်ရှိပါသည်။

(ဂ) သက်မှတ်အပင်အရေအတွက်ရရှိရေး

တစ်ဧကမြေပဲ အပင်အရေအတွက် ၁၀၄၅၄၄ ရရှိရေး တန်းကြား ၁၅ လက်မ နှင့် ပင်ကြား ၄ လက်မစနစ်ဖြင့် စိုက်ပျိုးကြပါသည်။

(ဃ) အပင်ပြုစုထိန်းသိမ်းခြင်း

မြေပဲသီးနှံကို ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ပေါင်းမြက်ရှင်းပါက မြေပဲပွင့်များကို ထိခိုက်နိုင်ခြင်းကြောင့် စိုက်ပြီး ရက် ၃၀ မှ ၃၅ ရက်အတွင်း ပေါင်းမြက်များကို အပြီးရှင်းထားပါ။ အထက်စွယ်များကို အတောင့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ပန်းဖြိုင်ချိန်မှစ၍ ပေါင်တင်ခြင်းမပြုလုပ်ရန်နှင့် စွယ်ချချိန်နှင့် အဆန်ဖြည့်တင်းချိန်များဖြစ်သော အပင်သက်တမ်း ၄၅ ရက်မှ ၇၅ ရက်သားအတွင်း အစိုဓာတ်လုံလောက်စွာ ရှိရမည်ဖြစ်ပါသည်။

(င) ဓာတ်မြေသြဇာနှင့် ဒေသထွက်သဘာဝမြေသြဇာများ ပေါင်းစပ်အသုံးပြုခြင်း

မြေပြင်ချိန်တွင် အောက်ခံအဖြစ် ဒေသထွက်သဘာဝမြေသြဇာ(နွားချေးမြေဆွေး) တစ်ဧကလှည်းခုနစ်စီး၊ ကွန်ပေါင်းတစ်အိတ်၊ ကျောက်မှုန့် ၂၅ ကီလိုနှစ်အိတ်ကို ထယ်ရေးပြင်ချိန်တွင် ထည့်ပေးရန်နှင့် တစ်ဧကလျှင် ကျောက်မှုန့်မြေသြဇာပေါင် ၂၀၀ မှ ၂၅၀ နှုန်းကို မြေခံသို့မဟုတ် နောက်ဆုံးကြားလိုက်ချိန်၊ မြေတွင်းအစိုဓာတ်ရှိချိန်တွင် အပင်ခြေ၌ ထည့်သွင်းကြပါသည်။

(စ)ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး

အပင်ငယ်စဉ်တွင် စုပ်စားပိုး၊ ရွက်လိပ်၊ ကပ်ပိုးများ ကျရောက်ပါက ပင်လုံးပြန့်ထိတွေ့ပိုးသတ်ဆေးတစ်မျိုးမျိုး ပက်ဖျန်းနှိမ်နင်းပါ။ ဖိုးလမင်းကျိုင်းနှင့် ခြမျှား ကျရောက်တတ်ပါက ပင်လုံးပြန့်ထိတွေ့ပိုးသတ်ဆေး တစ်မျိုးမျိုးကို စိုက်ချိန်တွင် စိုက်ကြောင်းအတွင်းထည့်ပေးပါ။

(ဆ)ရိတ်သိမ်းခြင်း

မြေပဲပင်သက်တမ်းပြည့်ချိန် အရွက်များရင့်ဝါလာပါက နုတ်သိမ်းရပါသည်။ ရိတ်သိမ်းချိန်တွင် မြေကျုပ်ပါက အလေအလွင့်နည်းစေရန် စနစ်တကျ ရိတ်သိမ်းရမည်ဖြစ်ပါသည်။ နွားထိုးကြီးမြို့နယ် မြေပဲစိုက် ဒေါ်ပုဂ္ဂ ဧကတွင် ပျမ်းမျှအထွက်နှုန်း ၄၅ ဒသမ ၃၃ တင်းဖြင့် အထွက်နှုန်းစုစုပေါင်း ၂၇၉၄၁၀၈ တင်း ထွက်ရှိခဲ့ပါသည်။ တောင်သူများသည်ရရှိလာသော မြေပဲများကို မျိုးနှင့် မိသားစုစားသုံးရန်ချန်ပြီး မြေပဲခွဲစက်တွင်ကြိတ်ခွဲ၍ မြေပဲဆန်အဖြစ်လည်းကောင်း ဆီစက်များတွင်ဆီကြိတ်၍ ဒေသထွက်ပဲဆီအဖြစ်လည်းကောင်း အခြားမြို့နယ်များသို့တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ ဒေသတွင်းဆီ ဖူလုံရုံသာမက ပေးဆွေးနွေးခဲ့ပါသည်။ မြေပဲဆန်တွင် အာလ်ဖာတောက်စင်မှိုရောဂါကင်းရှင်းစေရန် အရေးကြီးပါသည်။ မြေပဲတွင် ဖြစ်ပွားတတ်သော အာလ်ဖာတောက်စင်ဆိုသည်မှာ အယ်စပါဂျီးလက်မှိုများမှ ထုတ်လုပ်သော မှိုဆိပ်ဖြစ်သည်။ အစားအစာများတွင် အတွေ့များသော မှိုဆိပ်ဖြစ်သည်။ အာလ်ဖာတောက်စင်သည် လူနှင့်တိရစ္ဆာန်များတွင် ကင်ဆာရောဂါများကို ဖြစ်စေပါသည်။

စိုက်ခင်းနှင့် ရိတ်သိမ်းသိုလှောင်သည့်နေရာများတွင် ၎င်းမှိုများကိုတွေ့ရသည်။ ရာသီဥတုအခြေအနေ၊ အပင်များ၊ ၄က်၊ ထွန်၊ ထယ်တို့နှင့် ညှံ့ဖျင်းသော သီးနှံကိုင်တွယ်မှု မြေအနေအထားများသည် ၎င်းမှိုဆိပ်ကိုဖြစ်ပေါ်စေသည်။ အစားအသောက်တွင် ပါဝင်သော ၎င်းမှိုဆိပ်ကို နိုင်ငံများတွင် အကန့်အသတ်ဖြစ်သာ လက်ခံလာကြသည်။ အဆိုပါမှိုဆိပ်များ ဖြစ်ပေါ်မှုများမှ ကာကွယ်ရန်-

- မြေပဲတောင့်များကို မထိခိုက်မိအောင် နုတ်သိမ်းရမည်။
- သီးတောင့်များကို ပလက်စတစ်၊ တာပေါလင်စများခံ၍ ဆောလျင်စွာ နေလှန်းရမည်။
- နေလှန်းစဉ်တွင် မှိုကျနေသောသီးတောင့်များ မပါအောင် ပြုလုပ်ရမည်။
- မြေပဲဆန်များသိုလှောင်ရာတွင် အရည်အသွေး မမီသောအဆန်များ၊ အမှိုက်များ၊ ဖုန်များ ကင်းစင်ရန်လိုအပ်သည်။
- အစိုဓာတ် ခုနစ်ရာခိုင်နှုန်း အောက်မှာသာ သိုလှောင်ရမည်။

❖မြေပဲပင်သက်တမ်းပြည့်ချိန် အရွက်များ ရင့်ဝါလာပါက နုတ်သိမ်းရပါသည်။ ရိတ်သိမ်းချိန်တွင် မြေကျုပ်ပါက အလေအလွင့်နည်းစေရန် စနစ်တကျရိတ်သိမ်းရမည် ဖြစ်ပါသည်။ နွားထိုးကြီးမြို့နယ် မြေပဲစိုက် ဒေါ်ပုဂ္ဂ ဧကတွင် ပျမ်းမျှအထွက်နှုန်း ၄၅ ဒသမ ၃၃ တင်းဖြင့် အထွက်နှုန်းစုစုပေါင်း ၂၇၉၄၁၀၈ တင်း ထွက်ရှိခဲ့ပါသည်။ တောင်သူများသည်ရရှိလာသော မြေပဲများကို မျိုးနှင့် မိသားစုစားသုံးရန်ချန်ပြီး မြေပဲခွဲစက်တွင်ကြိတ်ခွဲ၍ မြေပဲဆန်အဖြစ်လည်းကောင်း ဆီစက်များတွင်ဆီကြိတ်၍ ဒေသထွက်ပဲဆီအဖြစ်လည်းကောင်း အခြားမြို့နယ်များသို့တင်ပို့ ရောင်းချနိုင်ခဲ့ပါသည်။ ဒေသတွင်း ဆီဖူလုံရုံသာမက ပိုလျှံသော ပဲဆီများကို အခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိပါသည်။❖

ပိုလျှံသောပဲဆီများကို အခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိပါသည်။ မြေပဲကို မြေပဲဆန်ကြော်၊ မြေပဲယို၊ မြေပဲဆားလှော်၊ မြေပဲလှော်တို့ ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါသည်။

နွားထိုးကြီးမြို့နယ် မြေပဲသီးနှံ ထုတ်လုပ်ရောင်းချခြင်း၊ သိုလှောင်ခြင်းပြုလုပ်ရာတွင် သီးနှံအရည်အသွေးကောင်းမွန်ရန် ပညာပေးဆွေးနွေးပွဲများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် အခြား INGO တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လူထုအကျိုးပြုလုပ်ငန်းအတွက် မြေပဲသီးနှံကို စတင်စိုက်ပျိုးသည်မှ စားသုံးသူလက်ဝယ်ရောက်သည်ထိ လိုက်နာဆောင်ရွက်ရမည့် အလေ့ကျင့်ကောင်းများကို ပညာတောင်သူများအနေနှင့် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်း၊ မျိုးသန့်သုံးစွဲလာခြင်း၊ တစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိလာပြီး တောင်သူတစ်ဦးချင်းဝင်ငွေ တိုးတက်လာကာ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ ဒေသတွင်းစားသုံးဆီဖူလုံပြီး အခြားဒေသသို့ တင်ပို့နိုင်သည့်အတွက် ဝင်ငွေပိုမိုရရှိခြင်း၊ စားသုံးမှုဘေးအန္တရာယ်ကင်းရှင်းမှုနည်းလမ်းများကို လိုက်နာလာခြင်းဖြင့် မြေပဲအထွက်နှုန်းတိုးပြီး ဝင်ငွေကောင်းကာ လူမှုစီးပွားဘဝများမြင့်မားလာမည် ဖြစ်ပါသောကြောင့် စေးကွက်ဝင်သီးနှံဖြစ်သော မြေပဲကိုတောင်သူများ ပိုမိုစိုက်ပျိုးသင့်ကြောင်း ရေးသားလိုက်ပါသည်။

အောင်မြင်သူကုမ္ပဏီများအုပ်စု မှ နှစ်စဉ်မပြတ် ကျင်းပလျက်ရှိသော (၁၅)ကြိမ်မြောက် ကြာဇံဟင်းခါး စတုဒီသာ တိုက်ကျွေးခြင်း ကုသိုလ် အား ကဆုန်လပြည့်နေ့(၁၁-၅-၂၀၂၅)ရက်နေ့တွင် အောင်တော်မူမြတ်စွာဘုရားဝင်း၌ ပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို လာရောက်သုံးဆောင်နိုင်ပါရန် ဖိတ်ကြားခြင်း

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံပဲယင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၉၁ ဒသမ ၂၁ တင်းထွက်ရှိ

ပွင့်ဖြူ ၊ မေ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲယင်း ဧက အားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၉ ဒသမ ၂၁ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲယင်း ၁၁၉ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါပဲယင်းစိုက်ခင်းများကို ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲယင်း ၁၁၉ ဧက စိုက်ပျိုးခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲယင်းစိုက်ခင်းတွေလက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲယင်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း တိုးတက်ဖို့အတွက် ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးကြဖို့ တောင်သူတွေကို လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးနိုင်ရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရန်၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရန် စသည့် တောင်သူပညာပေး လုပ်ငန်းများ အပြင် သီးနှံရိတ်သိမ်းခြွေလှေ့ချိန်တွင်လည်း အထွက်နှုန်းလျော့နည်းမှုမရှိစေရန်အတွက် အချိန်မီ သီးနှံရိတ်သိမ်းခြွေလှေ့နည်းပညာနှင့် ရိတ်သိမ်းပြီးသီးနှံများ အရည်အသွေးကောင်းမွန်စေရန်နှင့်အမိုးအကာအောက်အချိန်မီ ရောက်ရှိစေရန်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲယင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပဲယင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဥတ္တရသီရိမြို့နယ် ဆယ်သိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် မေ ၇

နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ညိုကျေးရွာအုပ်စု ဆယ်သိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က ဆယ်သိန်းကျေး ရွာရှိ ကျေးရွာတာဝန်ခံများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၃၂ ဒသမ ၄၀ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆယ်သိန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၉ ဒသမ ၆၀ သန်း၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၈ ဒသမ ၄၀သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၃ ဒသမ၉၅သန်း၊ သက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၄၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)
မြိုင်ကလေး နှင့်
ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)
ပြည်ညောင်တို့မှ
ထုတ်လုပ်သော **ကြုံ**၊ **ဆင်နှစ်ကောင်**၊
Blue Diamond နှင့် **မြင်းပျံ**
အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံအထိုင်ဈေးဖြင့် လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၂၂၃
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၇၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀

ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်နေ မောင်မျိုးသက်ထွန်း (ဘ) ဦးလောင်ဟိုင်း (ခ) ဦးခင်မောင်ထွန်း(၉/အမ၆(နိုင်)၀၄၀၆၈၈) ၏နိုင်ငံကူးလက်မှတ်အမှတ်(MG-133991)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၆၅၉၇၄၁၄

ပျောက်ဆုံးကြောင်း

နမ္မတူမြို့နယ်၊ ဟေဟုန်ကျေးရွာနေ မောင်ကျားတီး (ဘ) ဦးချုံကြောင်း(၁၃/နမတ(နိုင်)၀၈၀၆၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၁၂၃၀၃၉၄

စားသောက်ကုန်လုပ်ငန်းတွင်လုပ်ကိုင်ရန် ဝန်ထမ်းအမြန်အလိုရှိသည်

(က)ကုန်ပစ္စည်း အတင်/ချ အမျိုးသား (၁၀)ဦး
၁။ အခြေခံလစာ (၂၉၀၀၀၀) + ရက်မှန်ကြေး
၂။ နိုင်ငံသားစိစစ်ရေးကတ်မူရင်းရှိရမည်။
၃။ အသက် (၁၈)နှစ်မှ (၃၀)နှစ်ထိ

(ခ) ကွန်ပျူတာစာရင်းကိုင် အမျိုးသမီး (၁)ဦး
၁။ အခြေခံလစာ (၃၀၀၀၀၀) + ရန်မှန်ကြေး
၂။ Excel ပိုင်းကျွမ်းကျင်ရမည်။

(ဂ) စာရေးမ အမျိုးသမီး (၁)ဦး
၁။ အခြေခံလစာ (၂၀၀၀၀၀) + ရက်မှန်ကြေး
၂။ ကျောင်းကိစ္စကင်းရှင်းသူဖြစ်ရမည်။
၃။ အနိမ့်ဆုံးပညာအရည်အချင်း အထက်တန်းအဆင့်
၄။ အလုပ်ချိန် နံနက် (၈)နာရီ ညနေ (၅)နာရီ
၅။ နေစရာအဆောင်ပေးသည်။ ထမင်းပေးသည်။ ဟင်းမပါပါ။

လာရောက်လျှောက်ထားရန် လိပ်စာ
71D x 111 လမ်းထောင့်၊ မန္တလေးမြို့။
09-959888834
09-888088058

ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ အကွက်(၇၀၈) မောရဂီဝါနေ ဒေါ်နန်းနန်းထွေး (ဘ) ဦးဟော်ရီ(၉/မကန(နိုင်)၀၇၁၁၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၄၀၇၇၇၄၇

ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ပန်းရောင်းကျေးရွာနေ မခင်လေးညို (ဘ) ဦးမကြာချို(၁၃/လရန(နိုင်)၂၃၄၄၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-114185)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၆၃၁၃၄၆

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက် ကိုစိုး။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရောင်ကြဉ်သင့်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။

❖ နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ...

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ရေငန်တိုက်ဂါးပုစွန်များ တစ်ပိဿာလျှင် ငွေကျပ် နှစ်သိန်းခန့်ဖြင့် ပြည်ပဈေးကွက်တွင် အရောင်းအဝယ်သွက်နေ

ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ပြည်ပပို့ကုန်တိုက်ဂါးပုစွန်များကို တွေ့ရစဉ်။

ရန်ကုန် မေ ၇

မြန်မာ့ ရေသယံဇာတထွက်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိရန် ရေချိုမွေးမြူမှုနှင့် ရေငန်ဖမ်းဆီးမှုတို့ဖြင့် ထုတ်လုပ်ဖြန့်ချိတင်ပို့လျက်ရှိရာ ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ရေငန်တိုက်ဂါးပုစွန်များ တစ်ပိဿာလျှင် ငွေကျပ်နှစ်သိန်းခန့်ဖြင့် ပြည်ပပို့ကုန်စျေးကွက်တွင် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းရာသီပိတ်သိမ်းမည့် မေ ၁ ရက်မတိုင်မီ ငါးဖမ်းစက်လှေများဖြင့် ရန်ကုန်မြို့ရှိ စံပြငါးစျေး၊ ရွှေပိတောက်ငါးစျေးနှင့် အခြားသော ဆိပ်ကမ်းများသို့ ရေငန်ပုစွန်နှင့် ပင်လယ်ငါးမျိုးစုံ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် မေ ၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံ လေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း မေ ၁၀ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်

စာမျက်နှာ ၁၉ ကော်လံ ၄ ❑



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADDY TRADING LIMITED

ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257